သတင်းလွှာ




အတွဲ(၄)၊အမှတ်(၅)။

၂၀၁၀ ခုနှစ်၊ဇန်နဝါရီလ(၁)ရက်၊သောကြာနေ့

## ကြိုးဖုန်း၊ မိုဘိုင်းဖုန်းများအားလုံး၏ ဖုန်းခေါ်ဆိုခနှုန်းထားများကို တပြေးညီတိုးမြှင့် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ တစ်မိနစ်လျှင် ငွေကျပ် ၅၀သို့ပြောင်းလဲမည်

မြန်မာနိုင်ငံတွင် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ဖုန်းခေါ်ဆိုခဈေးနှုန်းများ ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ သိရှိရသည်။ လက်ရှိကြိုးဖုန်းဖြင့် မြို့တွင်းဖုန်းခေါ်ဆိုခတစ်မိနစ်လျှင်၁၅ကျပ်၊ နယ်ဝေးခေါ်ဆိုခ ၂၅ကျပ်၊မိုဘိုင်းဖုန်းများဖြင့် မြို့တွင်းတစ်မိနစ်ခေါ်ဆိုခ ၂၅ကျပ်၊နယ်ဝေးခေါ်ဆိုခ ၃၅ကျပ် ကောက်ခံနေရာမှ ၂၀၁၀ပြည့်နှစ်ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ကြိုးဖုန်း၊ မိုဘိုင်းဖုန်းများအားလုံးအတွက် ခေါ်ဆိုမှုများ (မြို့တွင်း၊နယ်ဝေးမရွေး)အားတစ်မိနစ်လျှင်၅၀ကျပ်သို့ပြောင်းလဲသွားမည်ဖြစ်သည်။ ပြည်တွင်း ဖုန်းခေါ်ဆိုခများပြောင်းလဲ သတ်မှတ်မှုရှိမည်ဖြစ်သော်လည်း ပြည်ပဖုန်းခေါ်ဆိုခများကိုမူ မူလသတ်မှတ်ချက်အတိုင်းပင် ဆက်လက်ကောက်ခံသွားမည်ဟုသိရသည်။ ၂၀၀၃ခုနှစ်ကလည်းပြည်တွင်းဖုန်းခေါ်ဆိုခများ ၁၅ကျပ်မှ ၂၅ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရှိရပါသည်။ "၁၉၈၆ခုနှစ်လောက်တုန်းကဖုန်းပြောဆိုခတွေက ပထမဆုံး (၃)မိနစ်ခေါ်ဆိုခက ၁ကျပ်ကျတယ်။ အဲဒီနောက် ၂၀၀၃ခုနှစ်လောက်မှာပဲဖုန်းပြောဆိုခကတစ်မိနစ်ကို၁၅ကျပ်ကနေ၂၅ကျပ်နှုန်းဖြစ်သွားခဲ့ပြီး အခု၂၀၁၀ပြည့်နှစ်မှာကြိုးဖုန်းရော၊မိုဘိုင်းဖုန်းတွေပါ တစ်မိနစ်ကို ၅၀ကျပ်ပြောင်းလဲသတ်မှတ်မှာဖြစ်တယ်၊ ဒါပေမဲ့ နိုင်ငံခြားခေါ်ဆိုမှုတွေကို တော့အရင်အတိုင်းမပြောင်းလဲပါဘူး"ဟု နေပြည်တော်ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးမှ ပြောကြားခဲ့သည်။ "အခုလိုဖုန်းခေါ်ဆိုခမြင့် သွားတာဖုန်းအလုံးရေအများကြီးသုံးပြီး လုပ်ငန်းလည်ပတ်ရတဲ့စီးပွားရေးလုပ်ငန်းတွေအတွက်တော့ တော်တော်လေးခက်ခဲနိုင်တယ်။ လက်ရှိနှုန်းနဲ့တောင် တစ်လကိုဖုန်းတစ်လုံးကျပ်သိန်းဂဏန်းလောက်ကျသင့် နေတာလေ။ ပြင်ဆင်လိုက်တဲ့နှုန်းထားနဲ့ဆိုရင်တော့ ဖုန်းတစ်ခုအတွက်တင် ကုန်ကျစရိတ်ထည့်ဝင်ရမှုက ခက်ခဲမယ့်အနေအထားပဲ" ဟုစီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်းပြောပြခဲ့ကြောင်း ၂၀၁၀ဇန်နဝါရီ၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မီဒီယာများ မမှန်ကန်သည့်သတင်းဖော်ပြပါက တရားစွဲဆိုမည်ဟု မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌဆို

မြန်မာနိုင်ငံဆရာဝအသင်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုတရားဝင်ပြောရေးဆိုခွင့်ရှိသူကသာအလုပ်အမှုဆောင်အဖွဲ့၏သဘောတူညီမှုဖြင့် ပြောခွင့်ရှိမည်ဖြစ်ပြီး မီဒီယာများမှ မမှန်ကန်သည့်သတင်းများကို ဖော်ပြပါက အသရေဖျက်မှုဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်ကပြောသည်။ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပတ်သက်သည့် ပညာရပ်အဖွဲ့အစည်းအသီးသီး၏ အချက်အလက်များကို ထုတ်ပြန်ရာတွင် တရားဝင်ပြောဆိုခွင့်ရှိသူဖြစ်ခြင်း၊ နိုင်ငံပိုင် သတင်းဌာနများ၊ ဝန်ကြီးဌာနများ၏ တရားဝင်စာရင်းဇယားများမှ ထုတ်ပြန်သည့်အတိုင်း မှန်ကန်မှုရှိခြင်း၊ လျှို့ဝှက်ထိန်းသိမ်းအပ်သည့် ကိစ္စများကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ရရှိမှသာ ထုတ်ပြန်ခြင်း၊ မိမိကိုယ်ရေးကိုယ်တာအမြင်သဘောထား ကိစ္စရပ်များကိုအသင်းကိစ္စနှင့် ရောထွေး၍ မတင်ပြအပ်ခြင်းစသည့် ကိစ္စရပ်များနှင့် အထက်ပါ အကြောင်းအရာကို ဒီဇင်ဘာ ၂၆ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း( ရန်ကုန်) ၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၌ ပြောဆိုခဲ့ခြင်းဖြစ်သည်။ "ဆရာဝန်အသင်းနဲ့ပတ်သက်ပြီး ကိုယ်ပိုင်ဝက်ဘ်ဆိုက်တစ်ခုလည်းရှိတယ်။ ဒီဝက်ဘ်ဆိုက်ကနေ ဆရာဝန်အသင်းရဲ့သတင်းအချက်အလက်တွေကိုတရားဝင်ထုတ်ပြန်သွားမှာပါ။ ဆရာဝန်တိုင်းကလည်း ဆေးကောင်စီက ချမှတ်ထားတဲ့ ဥပဒေအတိုင်းဘောင်အတွင်းကနေဆောင်ရွက်ရင်တိုင်းပြည်၊ မိမိ၊ လူနာသုံးမျိုးလုံးမှာ အကျိုးရှိပါလိမ့်မယ်"ဟုအထက်ပါပုဂ္ဂိုလ်ကယင်းပွဲတွင်ပြောကြားကြောင်း၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အွန်လိုင်းကြေးနန်းစနစ်အား ကြိုတင်ငွေချေစနစ်ဖြင့် စတင်ဝန်ဆောင်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏အွန်လိုင်းမှ ကြေးနန်းပေးပို့ဆက်သွယ်နိုင်သောစနစ်ဖြစ်သည့် e-telegramစနစ်အားကြိုတင်ငွေချေစနစ်ဖြစ်သော Prepaid စနစ်ဖြင့် ယနေ့မှစတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းအဆိုပါလုပ်ငန်းမှသတင်းရရှိသည်။ အင်တာနက်ဆက်သွယ်မှုရရှိသော မည်သည့်နေရာတွင်မဆိုအသုံးပြုနိုင်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ယနေ့မှစတင်လိုက်သော e-telegram prepaid စနစ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရတနာပုံတယ်လီပို့ ကုမ္ပဏီ လီမိတက်၏ အငြှမအကြိမ်မြောက်သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၀၉ဖွင့်ပွဲတွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ကြိုတင်ငွေချေစနစ်ဖြင့် ကြေးနန်းများပေးပို့နိုင်သည့် ဝန်ဆောင်မှုကိုသုံးစွဲလိုပါက ယင်းလုပ်ငန်းမှ ရောင်းချပေးနေသော e-telegram prepaid ကတ်ကို ပထမဦးဆုံးဝယ်ယူရမည်ဖြစ်ပြီး၊ အဆိုပါကတ်အား ဝယ်ယူပြီးပါက www.etelgram.net.mm သို့ ဝင်ရောက်ပြီး အဆင်သင့်ဖြည့်စွက်ရမည့်ပုံစံတွင် ဖြည့်ကာမိမိပေးပို့လိုသော ကြေးနန်းစာများကို ပေးပို့နိုင်မည် ဖြစ်သည်ဟုသိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အဆိုပါဝန်ဆောင်မှုအတွက် ကြိုတင်ငွေချေကတ်တစ်ကတ်လျှင် ကျပ်တစ်သောင်းသတ်မှတ်ထားပြီး တစ်နှစ်တိတိအသုံးပြုနိုင်မည်ဖြစ်သည်။ သတ်မှတ်ထားသော တစ်နှစ်အတွင်းတွင် ကြေးနန်းပေးပို့မည်ဆိုပါက မြန်မာစာလုံးအရေအတွက်၅၀၀အား ကြေးနန်းစာမျက်နှာတစ်မျက်နှာသတ်မှတ် ထားပြီး၊ အင်္ဂလိပ်စာလုံးအရေအတွက် ၃၀၀အားကြေးနန်းစာမျက်နှာတစ်မျက်နှာ သတ်မှတ်ထားကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာဆက်သွယ်ရေးလုပ်ငန်း၏ e-telegram prepaid စနစ်သည် အဆိုပါကတ်ကိုင်ဆောင်သူအချင်းချင်းလည်းအသုံးပြုနိုင်သော prepaed to prepaid စနစ်ဖြစ်ပြီး၊ ကတ်ရှိသူမှ ကတ်မရှိသူထံသို့လည်း ကြေးနန်းပေးပို့နိုင်သော စနစ်ဖြစ်သည်။ e-telegram prepaedကတ်ရှိသူမှ အဆိုပါကတ်မရှိသူအားကြေးနန်းပေးပို့လိုပါက မိမိကြေးနန်းပေးပို့လိုသော ပုဂ္ဂိုလ်တည်ရှိရာ မြို့နယ်ရှိ ကြေးနန်းရုံးကိုကြားခံပြီး ဆောင်ရွက်နိုင်ကြောင်းသိရသည်။ အဆိုပါစနစ်ကိုပြည်တွင်းရှိအင်တာနက်ဆက်သွယ်မှုရရှိသော ပြည်နယ်နှင့်တိုင်းအရေအတွက် ၈၉ခုရှိ မြို့နယ်များအတွင်းဆောင်ရွက်နိုင်ပြီဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမသိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကုမ္ပဏီများမှ ဖိတ်စာများ၊ Marketing Letter များ၊ Share Holder များထံ ပေးစာများအားဖိတ်စာTemplate များတည်ဆောက်ကာ အချက်အလက်များဖြည့်ဆည်းပေးသော Electronic Invitation များကိုအွန်လိုင်းမှ တစ်ဆင့် အချိန်မီပေးပို့သောလုပ်ငန်းများကိုလည်း မကြာမီဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ၂၀၀၉ခုနှစ်ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင် တိုက်ရိုက်လေကြောင်းပျံသန်းမှုနှင့် ဟိုတယ်လုပ်ငန်းများ ဗီထက်နမ် ရင်းနှီးမြှုပ်နှံမည်

မြန်မာ-ဗီယက်နမ် တိုက်ရိုက်လေကြောင်းလိုင်းနှင့် ဟိုတယ်လုပ်ငန်းများ ဗီယက်နမ်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်အဲလိုင်းသည် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့မှ မြန်မာနိုင်ငံသို့ တိုက်ရိုက်လေကြောင်းပျံသန်းရန် အစီအစဉ်ရှိ၍ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏အကူအညီလိုအပ်ကြောင်းနှင့် အကြံဉာဏ်များ၊ ပူးပေါင်းဆောင်ရွက်ပေးမှုများ လုပ်ဆောင်လိုကြောင်းကို ဒီဇင်ဘာ ၁၇ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် ဒုတိယဗိုလ်မှူးချုပ်အေးမြင့်ကြူအား ဗီယက်နမ်အဲလိုင်းမှ ဒုတိယဥက္ကဋ္ဌ Mr. Duong Cin Tharh က ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဟိုတယ်လုပ်ငန်း၊ လေကြောင်းလိုင်းလုပ်ငန်း စသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လုပ်ဆောင်နိုင်ရေးအတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် Association of Investors to Myanmar ကို ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာထန်ဖွမ်း၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်သွားရန် ရှိကြောင်း သိရသည်။ ယင်းအပြင် အဲလိုင်းတိုက်ရိုက်ပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံ၏ အကျိုးစီးပွားကို ဖွံ့ဖြိုးစေလိမ့်မည်ဟု တွက်ဆထားကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း၂၀၁၀ပြည့်နှစ်မှစ၍နိုင်ငံတကာကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုသည် ဗီယက်နမ်ကဲ့သို့ပင် အချိန်တိုအတွင်း တိုးတက်များပြားလာဖွယ်ယုံကြည်ပြီ ဟိုတယ်များ ရင်းနှီးမြှုပ်နှံမှုအတွက် မြေဧရိယာ၊ သယံဇာတကြွယ်ဝခြင်းနှင့် နိုင်ငံသားများအနေဖြင့်လည်း အင်္ဂလိပ်စကားပြောနိုင်ခြင်းက အခြေအနေကောင်းများဖြစ်ကြောင်း အဲလိုင်းဒုတိယဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။ " ရန်ကုန်မြို့ကို လေကြောင်းဆင်းသက်တယ်ဆိုတာ Business ခရီးသည်တွေအတွက် ကောင်းပေမယ့်လည်း Tourists တွေအတွက်ဆိုရင် မန္တလေးက မြန်မာနိုင်ငံရဲ့ဗဟိုချက်ဖြစ်ပြီး ပုဂံ၊ အင်းလေး၊ နေပြည်တော်၊

# ပြည်တွင်းသတင်း မှ အဆက်

ရန်ကုန်၊ မြစ်ကြီးနား၊ ကျိုင်းတုံမြို့တွေကို ဖြာထွက်ခရီးစဉ်အဖြစ် ကျင့်သုံးနိုင်ခြေရှိပါတယ်။ ၂၀၁၀၊ ၂၀၁၂ခန့်မှာ မြန်မာနိုင်ငံကို Tourists တွေ အခုထက် သုံးဆခန့်အထိ ရောက်လာနိုင်ရာ ပြည်တွင်းလေကြောင်းလိုင်းနဲ့ ဟိုတယ်များတိုးပွားရန်လိုပြီး အထူးသဖြင့် ပုဂံမှာ အခန်းတိုးလာရန်အဓိကဖြစ်ပါတယ်” ဟု ဟိုတယ်/ခရီးမှ ဒုတိယဝန်ကြီးက ယင်းဆွေးနွေးပွဲတွင်ပြောကြားခဲ့ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင်ကဏ္ဍအစုံလင်ဆုံးသော Web Portal စတင်သုံးစွဲနိုင်ပြီ

ပြည်တွင်း၊ ပြည်ပရှိသတင်းအချက်အလက်များကို တစ်နေရာတည်းတွင်လွယ်ကူလျင်မြန်စွာဖတ်ရှုနိုင်မည့်ပြည်တွင်း၏အမျိုးသားအဆင့်ဝက်ဘ်ပေါ်တယ်တစ်ခုဖြစ်လာသည့် Yatanarpon Portal ကိုယခုလ ၂၆ရက်မှစတင်၍ အသုံးပြုနိုင်ပြီဖြစ်ကြောင်းအဆိုပါဝက်ဘ်ပေါ်တယ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နေသောရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှအဆိုပါ National Web Portal ဖြစ်သော Yatanapon Portal အားယခုနှစ်ဒီဇင်ဘာလ ပထမပတ်မှစတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး နည်းပညာဆိုင်ရာ ကဏ္ဍများအတွက် ပြည်တွင်းရှိနည်းပညာကုမ္ပဏီတစ်ခုက တာဝန်ယူဆောင်ရွက် ပေးနေကြောင်းသိရသည်။စတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် အချိန်မှရက်သတ္တပတ်သုံးပတ်အတွင်း အကောင်အထည်ပေါ် လာသောအဆိုပါဝက်ဘ်ပေါ်တယ်၏ ဝက်ဘ်ဆိုက်လိပ်စာမှာ www.yatanarpon.com.mm ဖြစ်ပြီး ယင်းပေါ်တယ်ကိုအသုံးပြုလိုသော သူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်ရမည်ဖြစ်သည်။ အမျိုးသားအဆင့် ဝက်ဘ်ပေါ်တယ်တွင် ဖတ်ရှုနိုင်သောသတင်းအချက်အလက်နှင့် ကဏ္ဍများမှာမြန်မာနှင့်ကမ္ဘာ့သတင်းများ၊ အားကစားသတင်းများ၊ နည်းပညာသတင်းများ၊ စီးပွားရေး၊ ရုပ်ရှင်ပညာ၊ ကျန်းမာရေးအစရှိသည့် သတင်းများအပါအဝင် စာအုပ်စင်ကဏ္ဍ၊ ဈေးဝယ်ကဏ္ဍ၊ အလုပ်အကိုင်ကဏ္ဍ၊ အခမဲ့ကြော်ငြာ တခြားသော ကဏ္ဍပေါင်းစုံနှင့် သတင်းအချက်အလက်များနေ့စဉ်ရာသီဥတုခန့်မှန်းချက်များ၊ ဂိမ်းသုံးသပ်ချက်များ၊ ရန်ကုန်လမ်းညွှန်ကဲ့သို့Yellow Pages များကိုလည်းစုံလင်စွာလေ့လာအသုံးပြုဖတ်ရှုနိုင်မည်ဖြစ်သည်။ သတင်းအချက်အလက်များ၊ဓာတ်ပုံများ၊ ဗီဒီယိုများ၊အသံဖိုင်များနှင့် တေးသီချင်းများကိုလည်းကြည့်ရှုနားဆင်နိုင်မည်ဖြစ်သည်။ ထို့အပြင်ကမ္ဘာ့မြေပုံကိုလည်းအနီးကပ်ဆုံးလေ့လာကြည့်ရှုနိုင်မည့် google mapsနှင့် ပြည်တွင်းလမ်းညွှန်မြေပုံများ၊ ဒေသတစ်ခုချင်းစီ၏နာမည်ကြီးနေရာများကိုလမ်းညွှန်ပေးထားသော city guide ကဏ္ဍကိုလည်း ထည့်သွင်းထားကြောင်းသိရသည်။ ပြည်တွင်း၏ လူနေမှုကွန်ရက် social networking တစ်ခုဖြစ်လာသောအဆိုပါဝက်ဘ်ပေါ်တယ်ပေါ်တွင်ပါဝင်ထည့်သွင်းထားသော သတင်းအချက်အလက်များကဏ္ဍများ အားလုံးကို ရတနာပုံတယ်လီပို့ကုမ္ပဏီနှင့်ပါဝင်ဆောင်ရွက်နေသော နည်းပညာကုမ္ပဏီတို့က နေ့စဉ်နှင့်အမျှ update များပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ yatanarpon Portal အားယခုအချိန်တွင် Beta Version ဖြင့် ထုတ်လွှင့်ထားပြီး နောက်ပိုင်းတွင်ပိုမိုကောင်းမွန်သော version ဖြင့် အဆင့်မြှင့်သွားမည်ဖြစ်ကြောင်း ၂၀၀၉ခုနှစ်ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ့ဆိုင်းဝိုင်းများတွင် အနောက်တိုင်းတူရိယာမသုံးရန် ညွှန်ကြားချက်ငါးခုထုတ်ပြန်

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များကျင်းပပြုလုပ်မြဲဖြစ်သည့် အလှူမင်္ဂလာအခမ်းအနားတွင် ငှားရမ်းဖျော်ဖြေခံအသုံးပြုလေ့ရှိသော မြန်မာ့ဆိုင်းဝိုင်းများတွင် အော်ဂင်၊ ကီးဘုတ်အပါအဝင် အနောက်တိုင်း တူရိယာပစ္စည်းများအသုံးမပြုရန် ညွှန်ကြားချက်ငါးချက်ကို သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ညွှန်ကြားလာကြောင်းမန္တလေးမဟာအောင်မြေမြို့နယ်သဘင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာလ ၁၈ရက်နေ့တွင် ပြောကြားသည်။ မန္တလေးမြို့ပေါ်တွင် မြန်မာ့ရိုးရာ ဆိုင်းအဖွဲ့ပေါင်း၄၇ဖွဲ့ရှိသည်။ယင်းညွှန်ကြားချက်ကို အနုပညာဦးစီးဌာနက သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)သို့ နိုဝင်ဘာ ၃၀ရက်တွင် ညွှန်ကြားခဲ့ပြီး သဘင်ဗဟိုမှ မြို့နယ်ဆိုင်းအဖွဲ့များကို ဒီဇင်ဘာ ၁၀ရက်နေ့က ညွှန်ကြားချက်ထပ်မံပေးပို့ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းထံမှသိရသည်။ညွှန်ကြားချက်ငါးချက်မှာမြန်မာ့ရိုးရာဆိုင်းအဖွဲ့များသည်မြန်မာဆိုင်းသမားစဉ်အတိုင်းတီးခတ်ရမည်၊မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးများနှင့်အနောက်တိုင်းတူရိယာများဖြစ်သော အော်ဂင်၊ ကီးဘုတ်၊ ဘင်သီဆိုက်ဇာ၊ ဒရမ်ဆက်၊ ဂီတာ။ အနောက်တိုင်းလေမှုတ်တူရိယာများ၊ မြန်မာ့ရိုးရာနှင့် မကိုက်ညီသော တူရိယာများနှင့်တွဲဖက်အသုံးပြုတီးမှုတ်ဖျော်ဖြေခြင်းမပြုရန်၊ မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးနှင့် တွဲဖက်သီဆိုသော အဆိုတော်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သောဟီရိဩတ္တပတရားကင်းမဲ့သည့်လျှပ်ပေါ်လော်လီသော သရုပ်ပျက်ဝတ်စားဆင်ယင်ခြင်းများကို မပြုလုပ်ရန်၊ မြန်မာ့ရိုးရာဆိုင်းဝိုင်းဖျော်ဖြေတင်ဆက်မှုတွင် ဆိုင်းအဆိုတော်များသည် ဆိုင်းဝိုင်းကြီးရှေ့တွင်သီဆိုဖျော်ဖြေခြင်းမပြုလုပ်ရန်၊ မြန်မာ့ရိုးရာဆိုင်းဖျော်ဖြေမှု၌ မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီးကို စင်မြင့်ပေါ်တင်၍ ဇာတ်ခုံပြင်ဆင်မွမ်းမံခြင်းကို ပြုလုပ်နိုင်သည်တို့ ပါဝင်ကြောင်း မန္တလေးမြို့မှ ဆိုင်းပညာရှင်ကြီးငါးဦးက မြန်မာ့ဆိုင်းသမားစဉ်ပညာရပ်များမှာ တိမ်ကောပပျောက်တော့မည်ဖြစ်၍ စောင့်ရှောက်လမ်းညွှန်ပေးရန် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြချက်အရ ဌာနက မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟိုထံသို့ အဆိုပါကိစ္စနှင့်ပတ်သက်၍ အကြံပြုတင်ပြခဲ့ပြီး အဆိုပါအစည်းအရုံး၏ တင်ပြချက်ကို ဝန်ကြီးဌာနက အတည်ပြုပြီးလျှင် မြန်မာနိုင်ငံသဘင်အစည်းအရုံးဗဟိုက လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်သွားရန် ရည်ညွှန်းချက်ပါစာဖြင့် လမ်းညွှန်ခဲ့သည့်အတွက် အဆိုပါဆိုင်းပညာရှင်များနှင့် ဆိုင်းအဖွဲ့များလိုက်နာ ကျင့်သုံးရန် စည်းမျဉ်းငါးချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## (၈)ကြိမ်မြောက် မြန်မာအိုင်စီတီရင်သတ္တပတ် ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းအနီး ရတနာပုံဆိုက်ဘာစီးတီးရှိ ရတနာပုံဆိုက်ဘာ ခန်းမရှေ့တွင်(၈)ကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ဖွင့်ပွဲ (The 8th Myanmar ICT Week 2009) အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်နေ့နံနက် ၁၀နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ(၈) ကြိမ်မြောက် မြန်မာ အိုင်စီတီရက်သတ္တပတ် (The 8th Myanmar ICT Week 2009)ကို ဒီဇင်ဘာလ ၂၆ရက်နေ့မှ ၃၀ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ရတနာပုံဆိုက်ဘာခန်းမ (Yatanapon Cyber Hall) အတွင်းရှိ ဆိုင်ခန်းပေါင်း ၄၀ကျော်တွင် ကုမ္ပဏီပေါင်း ၃၀ကျော်မှ လာရောက်၍ မိုဘိုင်းဖုန်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ Laptop များ၊ ICT Equipment များ၊ Internet လိုင်းများ၊ ဒီဂျစ်တယ်အိတ်ဆောင်ပိုင်ကတ်များ၊ မိုဘိုင်းဖုန်းသုံး မြန်မာစာစနစ်များ အစရှိသည့် ခေတ်မီနည်းပညာသုံးပစ္စည်းများနှင့်စီးပွားရေးလုပ်ငန်းသုံးစနစ်များကိုပြသရောင်းချလျက်ရှိကြောင်း သိရသည်။ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပြခန်းတွင် အွန်လိုင်းမှတ်တစ်ဆင့် ကြေးနန်းပေးပို့နိုင်သည့် e-telegram စနစ်ကို ပြသထားပြီး ကျပ်တစ်ထောင်တန် e-telegram prepaid ကတ်များကို ရောင်းချလျက်ရှိသည်။ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား အစရှိသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀နိုင်ငံတွင် အခြေစိုက်ရုံးခွဲများဖွင့်လှစ်ထားသော ရုရှားနိုင်ငံမှ Beeline’s International Footprint သည် ၎င်းတို့၏ Telecommunications operator နည်းပညာကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ပြသည်ကိုလည်း တွေ့ရှိရသည်။ ထို့အတူ ရတနာပုံဆိုက်ဘာခန်းမရှိ ဖျော်ဖြေရေးစင်မြင့်ပေါ်တွင်လည်း အဆိုတော် Jenny၊ အနဂ္ဂ၊ သံသာဝင်းနှင့် Anonymous Dancer အဖွဲ့တို့၏ သီဆိုဖျော်ဖြေမှုများ၊ ကျောင်းသူလေးများ၏ အကအလှအစီအစဉ်များ၊ ကချင်ရိုးရာယဉ်ကျေးမှု အဆိုအကအဖွဲ့များ၏ ဖျော်ဖြေမှုများစသည့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြပွဲလာဧည့်သည်တော်များကို တင်ဆက်လျက်ရှိနေသလို Product Model Show ပွဲများလည်းကျင်းပလျက်ရှိကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ၃၀ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း

## အစိုးရငွေတိုက်စာချုပ်များဝယ်ယူရင်းနှီးမြှုပ်နှံနိုင်

နိုင်ငံတော်အစိုးရကိုယ်စားမြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိထုတ်ဝေရောင်းချနေသော သုံးနှစ်နှင့် ငါးနှစ် အစိုးရငွေတိုက်စာချုပ်များအားအပြင် နှစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ထပ်မံတိုးချဲ့ထုတ်ဝေရောင်းချမည်ဖြစ်ရာ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လွတ်လပ်စွာဝယ်ယူနိုင်သည်။ အစိုးရငွေတိုက်စာချုပ် အမျိုးအစားများနှင့် အတိုးနှုန်းများမှာ သက်တမ်းနှစ်နှစ်တွင် ငွေကျပ်တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက်အတိုးနှုန်း၁၀ဒသမ၅ရာခိုင်နှုန်း၊ သက်တမ်းသုံးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၁၀ရာခိုင်နှုန်း နှင့် သက်တမ်း ငါးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ၅ရာခိုင်နှုန်းဖြစ်သည်။ အတိုးငွေများကို နှစ်ဝက်တစ်ကြိမ် ထုတ်ပေးမည်ဖြစ်ပြီး နှစ်စဉ် မတ် ၁၅ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် ထုတ်ယူနိုင်သည်။ ထို့အပြင် စာချုပ်များကို လွှဲပြောင်းရောင်းချခွင့်ရှိသည်။ အစိုးရငွေတိုက်စာချုပ်များကို နေပြည်တော်၌ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) (နေပြည်တော်) ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် အမှတ် (၂၁/၂၅) ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄) တို့တွင် လည်းကောင်း၊ မန္တလေးမြို့၌ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ (၂)၊ (၃) တို့တွင်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ထားကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ကုန်စည်ပို့ဆောင်ရေး ၂၀၁၀မှာ အခြေအနေပိုကောင်းလာနိုင်

လာမယ့်နှစ် ၂၀၁၀မှာ ကုန်စည်ပို့ဆောင်ရေးကားဂိတ်တွေအနေနဲ့၂၀၀၉ခုနှစ်ထက်စာရင်လုပ်ငန်းအခြေအနေပိုကောင်းလာဖို့မျှော်လင့်နေကြတယ်။၂၀၁၀မှာအလုပ်အကိုင်ကောင်းမယ်၊ မကောင်းဘူးတော့ ကြိုတင်မမှန်းတတ်ကြပေမဲ့ ထွက်ကုန်အခြေအနေ၊ ဆီဈေး၊ ရာသီဥတု အခြေအနေတွေပေါ်မူတည်ပြီး အဆင်ပြေအောင်လုပ်ကိုင်ကြမယ်လို့ကုန်စည်ပို့ဆောင်ရေးကားဂိတ်တချို့က ဆိုတယ်။ ဘုရင့်နောင်ပွဲရုံအတွင်း ညောင်လေးပင်စုပေါင်းကားဂိတ်မှ ဦးခင်မောင်ဝင်းက ‘ ၂၀၁၀မှာ စီးပွားရေးလုပ်ငန်း ကောင်းမကောင်း ကြိုပြောလို့တော့မရဘူး၊ ပုံမှန်ဘယ်လိုရှိမယ်တော့ မခန့်မှန်းတတ်ဘူး၊စက်သုံးဆီဈေး၊ကတ္တားဈေးတွေပေါ်မှာမူတည်တယ်၊စက်သုံးဆီဈေးတက်ရင်လဲကားတွေမထွက်နိုင်ဘူး၊လမ်းတံတားကြေးကလဲရှိတယ်’လို့ပြောတယ်။ ညောင်လေးပင်စုပေါင်းကားဂိတ်က စားသောက်ကုန်ဖြစ်တဲ့ဆန်၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ စားသုံးဆီတို့ကိုအဓိက သယ်ယူပို့ဆောင်နေတာပါ။ အခုဒီဇင်ဘာလအတွင်းမှာတော့ပွင့်လင်းရာသီလည်းဖြစ်လာတဲ့အတွက် အဆင်ပြေတယ်လို့ ဆိုပါတယ်။ ကိုမြင့်ကုန်စည်ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ‘ပခုက္ကူဘက်ကိုအဓိကသယ်ယူပို့ဆောင်ရတယ်၊ ၂၀၁၀မှာစီးပွားရေးကောင်းမကောင်းက မိုးလေဝသပေါ်မှာအဓိကမူတည်တယ်၊ မိုးများရင်ပဲအထွက်များမယ်၊ အဲဒါဆိုပို့ကုန်များတဲ့အတွက် အဆင်ပြေနိုင်မယ်ခန့်မှန်းရတယ်’ လို့ပြောပါတယ်။ ပဲလောက်က ကလည်း ရာသီဥတု၊ မိုးအခြေအနေ၊ မြေဆီမြေသြဇာပေါ်မူတည်ပြီး စိုက်ပျိုးရတဲ့အတွက် အထွက်နှုန်းများရင်စိုက်ပျိုးသူတောင်သူတွေလည်း အဆင်ပြေနိုင်သလိုသူတို့ကို မှီပြီးလုပ်ကိုင်နေရတဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေလည်းအဆင်ပြေမယ်လို့ ဇာမဏီကုန်စည်ပို့ဆောင်ရေးမှ ကိုဟန်မျိုးထွန်းကသူ့အမြင်ကိုပြောတယ်။ သူက ‘ ဒီနှစ်အခြေအနေကပြီးခဲ့တဲ့ ၂၀၀၈နဲ့ နှိုင်းယှဉ်ရင်နည်းနည်းပါးတယ်၊ အဲဒီအတွက် ရန်ကုန်ကို ပြန်အလာနဲ့မန္တလေးကိုပြန်အတက်မှာတော့နည်းနည်း နှောင့်နှေးမှုရှိတယ်၊၂၀၁၀ကတော့ ခန့်မှန်းလို့မရလောက်ဘူး၊ စက်သုံးဆီဈေးအခြေအနေ၊ လမ်းတံတားကြေးတွေလဲ တက်တယ်၊ တချို့ကားတွေဆို စက်သုံးဆီ ဈေးကတက်ကုန်ပစ္စည်းကနည်းနဲ့ အခေါက်တိုင်းမထွက်နိုင်တာရှိတယ်’ လို့ဆိုကြောင်း၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၅ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အိမ်အရောက် ဖိုက်ဘာဝန်ဆောင်မှုစနစ်ဖြင့် ရုပ်သံ၊ ဗီဒီယိုဖိုင်များ အင်တာနက်မှကြည့်နိုင်တော့မည်

ရတနာပုံတယ်လီပို့ကော်ပိုရေးရှင်းလီမိတက်မှ ပြည်တွင်း၌ မကြာမီ ဝန်ဆောင်မှုစတင်ပေးတော့မည့်အင်တာနက်ချိတ်ဆက်မှုစနစ်သစ်တစ်ခုဖြစ်သော Fiber to theHome စနစ်ဖြင့် အင်တာနက်ပေါ်တွင် ရုပ်သံ၊ ဗီဒီယိုဖိုင်များအား ကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း၊ အဆိုပါကော်ပိုရေးရှင်းလီမိတက်မှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။ ဖိုင်ဘာဆက်ကြောင်းများဖြင့် အင်တာနက်အသုံးပြုနိုင်မည့် အဆိုပါစနစ်သည် ADSL နှင့် Wi-Max အစရှိသော အင်တာနက်ချိတ်ဆက်မှုစနစ်တို့ထက် မြန်နှုန်းပိုမြင့်လာမည်ဖြစ်သောကြောင့် ယင်းဝန်ဆောင်မှုစနစ်ခုပေါ်တွင် အရရှိနိုင်သည့် Fiber to the Home စနစ်ပေါ်တွင် ရုပ်သံ၊ ဗီဒီယိုဖိုင် ကြည့်ရှုခြင်းများအား ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။ ဖိုက်ဘာဆက်ကြောင်းစနစ်ဖြင့် အင်တာနက်ချိတ်ဆက်မှုများပြုလုပ်နိုင်တော့မည့် Fiber to the Home စနစ်အား လာမည့် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး၊ ဖိုက်ဘာဆက်ကြောင်း တည်ရှိရာမြို့များ (ဖိုက်ဘာဆက်ကြောင်းဖြင့် အသုံးပြုရန် အသင့်ဖြစ်သောမြို့များ)တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစနစ်ကို လာမည့် ဖေဖော်ဝါရီလမှ စတင်ဝန်ဆောင်မှုပေးမည် ဖြစ်သည်ဟု သိရသည်။ အဆိုပါစနစ်အား ချိတ်ဆက်အသုံးပြုလိုသော ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့်ရတနာပုံတယ်လီပို့ ကော်ပိုရေးရှင်းလီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ပြည်တွင်းမှ တိုင်းရင်းသားပိုင် ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်ခအား မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်၍ နိုင်ငံခြားကုမ္ပဏီများ၊ သံရုံးများမှာမူ ဝန်ဆောင်ခအား အမေရိကန်ဒေါ်လာဖြင့် ပေးသွင်းရမည်ဖြစ်သည်။ ထို့အပြင် ယင်းစနစ်အား အသုံးပြုလိုသူများအနေဖြင့် ရက်အကန့်အသတ်မရှိ ဝန်ဆောင်ခပေးသွင်းပြီး တပ်ဆင်ထားနိုင်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်နေ့ထုတ် 7Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## (၂၀၀၉ခုနှစ်ဒီဇင်ဘာလ ၃၁ရက်နေ့မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၆ရက်နေ့အထိ)

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက်လျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိမည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၃၀စင်တီမီတာ(တစ်ပေခန့်)လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာတို့တွင် ၁၅စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါ သည်။

## ၂၀၁၀ နှစ်သစ်ကို ဤသို့ကြိုဆို

ကမ္ဘာတလွှားတွင် ပြည်သူအများသည် ပျော်ရွှင်ပွဲများကျင်းပ၍ လည်းကောင်း၊ ကြည့်ချင်စဖွယ် မီးရှူးမီးပန်းများပစ်ဖောက်၍လည်းကောင်းနှစ်သစ်ကိုကြိုဆိုခဲ့ကြသည်။တဖက်တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုကို စိုးရိမ်နေရသဖြင့် လုံခြုံရေးများလည်း တင်းကြပ်စွာဆောင်ရွက်ထားခဲ့ ကြသည်။ ရုရှနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီသို့ ပြည်သူပေါင်း တစ်သိန်းကျော်လာရောက်စုရုံး၍ တေးသီချင်းများဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ ရုရှသမ္မတက နိုင်ငံစီးပွားရေးအကျပ်အတည်းကာလတွင် စည်းစည်းလုံးလုံး ကြံ့ကြံ့ခိုင်နိုင်ခဲ့သည့်အတွက် နိုင်ငံသားများအား ကျေးဇူးတင်ကြောင်းပြောကြားသည်။ သြစတြေးလျတွင်မူ နာမည်ကျော် Sydney ဆိပ်ကမ်းတွင် လူပေါင်းတစ်သန်းခွဲခန့် စုရုံးရောက်ရှိလာစဉ် ဆိပ်ကမ်းတံတားကြီးပေါ်နှင့် မြစ်တွင်းရှိ သင်္ဘောလေးစင်းပေါ်မှ မီးပန်းရောင်စုံများပစ်ဖောက်၍ ကြိုဆိုကြသည်။ ထိုနည်းတူ ဟောင်ကောင်တွင်လည်းကောင်း၊ ပဲရစ်တွင်လည်းကောင်းမီးရောင်စုံများဖြင့်နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြသည်။ နှစ်သစ်ကြိုရက်၏ညတွင် ထူးထူးခြားခြား blue moon ကို တွေ့မြင်ခဲ့ကြရသည်။ (အေအက်ဖ်ပီ)

## ရေနံလက်ကျန်ကျဆင်း၍ ရေနံဈေး တစ်စည်လျှင် 79 ဒေါ်လာဖြင့် တန့်နေ

ဒေါ်လာဈေး အားကောင်းနေသဖြင့် ရေနံစိမ်းနှင့် အခြားသော လောင်စာများ ဈေးကျဆင်းနေပြီး ရေနံဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ၇၉ ဖြင့်တန့်လျက်ရှိသည်ဟု ဗုဒ္ဓဟူးနေ့ သတင်းများအရ သိရသည်။ ဒီဇင်ဘာ ၂၅ ရက် ရက်သတ္တပတ်အဆုံးပိုင်းတွင် ရေနံစိမ်းလက်ကျန်များသည် စည် 1.54 သန်း ကျဆင်း၍ စည် 326 သန်းသာ ကျန်ရှိတော့သည်။ ရေနံစိမ်းလက်ကျန်များသည် လွန်ခဲ့သော လေးပတ်အတွင်း ဆက်တိုက်ကျဆင်းလာနေခြင်းဖြစ်သည်။ ဒီဇယ်နှင့် လောင်စာဆီလက်ကျန်များသည် စည်ပေါင်း 2.1 သန်း ကျဆင်းပြီး ရေနံဆီလက်ကျန်သည် စည်ပေါင်း လေးသိန်း ကျဆင်းခဲ့သည်။ ဒေါ်လာဈေးသည် ယူရိုနှင့် ယမ်ဈေးတို့နှင့် ယှဉ်၍ မြင့်တက်ခဲ့သဖြင့် ရေနံဈေးမြင့်တက်မှုသည်လည်း ရပ်တန့်ခဲ့သည်။ နယူးယောက်အပေါ့စားရေနံစိမ်းသည် ဖေဖော်ဝါရီကြိုရောင်းဈေးကွက်တွင် တစ်စည်လျှင် ၄၁ ဆင့်တက်၍ 79.28 ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ပြီး၊ လန်ဒန်ဘရန့်ရေနံစိမ်းသည် ဖေဖော်ဝါရီကြိုရောင်းဈေးကွက်တွင် တစ်စည်လျှင် ၃၉ ဆင့် တက်၍ 78.03 ဒေါ်လာဖြင့် ဈေးပိတ်ခဲ့သည်။ (ဆင်ဟွာ)

## ဓနသဟာယ အမျိုးသမီးလှေလှော်ရေးအဖွဲ့ တောင်ဝင်ရိုးစွန်းသို့ ရောက်ရှိ

ဓနသဟာယအဖွဲ့ကြီး၏ နှစ်ခြောက်ဆယ်ပြည့် အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်အဖွဲ့ဝင်(၇)ဦးပါသောတောင်ဝင်ရိုးစွန်းလှေလှော်ရေအမျိုးသမီးအဖွဲ့သည်ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ည (၁၁) နာရီတွင် တောင်ဝင်ရိုးစွန်းတည့်တည့်သို့ ရောက်ရှိခဲ့ကြကြောင်း တီမာရူးဟယ်ရယ် သတင်းစာက ရေးသားဖော်ပြသည်။၎င်းအဖွဲ့သည် တောင်အမေရိကအောက်ခြေနားရှိ ပက်ထရီးရော့တောင်ကုန်းမှ အစပြု၍ ရက်ပေါင်း ၅၀ ကြာ ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့အား တောင်ဝင်ရိုးစွန်းမှ ခရီးစဉ်အစ စခန်းချရာအရပ်သို့ လေကြောင်းဖြင့် ပြန်လည်သယ်ဆောင်ပေးမည်ဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် ဘရူနိုင်း ၊ ဆိုက်ပရပ်စ်၊ ဂါနာ၊ အိန္ဒိယ၊ စင်္ကာပူနှင့် ဗြိတိန်နိုင်ငံတို့မှ အမျိုးသမီးများ ပါဝင်ကြသည်။ (ဆင်ဟွာ)

## တရုတ်၏ ရေနံပိုက်လိုင်းပို့ကုန်များအပေါ်တွင် အမေရိကန် အခွန်တိုးမြှင့်

အမေရိကန်ကုန်သွယ်ရေးကော်မရှင် (ITC) သည် ဗုဒ္ဓဟူးနေ့က တရုတ်နိုင်ငံမှ တင်သွင်းသော ၂.၆ ဒေါ်လာဘီလီယံတန်ဖိုးရှိသော ရေနံပိုက်လိုင်းများ (OCTG) အပေါ်တွင် ပြစ်ဒဏ်ချမှတ်သည့်အနေဖြင့် အခွန်များကို တိုးမြှင့်ကောက်ခံခဲ့သည်။ တရုတ်နိုင်ငံမှ တင်ပို့သော ပိုက်လိုင်းများသည် အစိုးရ၏ အထောက်အပံ့ရယူထား၍ အမေရိကန်၏ ပြည်တွင်းစက်မှုလုပ်ငန်းကို များစွာထိခိုက်စေသည်ဟု ITC က ထုတ်ဖော်ကြေငြာသည်။ ၎င်းပိုက်များအပေါ်တွင် ၁၅.၇၈ % သွင်းကုန်ခွန်ကောက်ခံမည်ဖြစ်သည်။ ဤသို့ကောက်ခံခြင်းဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးအငြင်းပွားမှုများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။ တရုတ်နိုင်ငံကမူ အမေရိကန်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ပြောဆို၍ ဤလုပ်ရပ်သည် WTO ၏ စည်းမျဉ်းများနှင့် မကိုက်ညီ၍ ကိုယ်ကျိုးစီးပွားကာကွယ်ရေး လုပ်ရပ်ဖြစ်သည်ဟု စွပ်စွဲပြောဆိုသည်။ (ဆင်ဟွာ)

## ငွေကြေးဈေးကွက်တွင် ဒေါ်လာခိုင်မာစွာရပ်တည်

အမေရိကန်နိုင်ငံသည် အိမ်ရာဈေးနှုန်းများကျဆင်းမှု နေးကွေးသွား၍ စားသုံးသူတို့၏ ယုံကြည်မှုအညွှန်းကိန်း တိုးတက်လာသဖြင့်အင်္ဂါနေ့နံနက်စောစော ငွေကြေးဈေးကွက်အဖွင့်တွင် ဒေါ်လာသည် ဈေးအေးနေပြီး နောက်ပိုင်းတွင် အခြားသောငွေကြေးများနှင့်ယှဉ်၍ဈေးနှုန်းအတက်ပြခဲ့သည်။တစ်ဒေါ်လာလျှင်၉၁.၆၂ ယမ်မှ ၉၁.၀၂ယမ်သို့ ရောက်ရှိခဲ့သည်။ ဈေးကွက်များသည် ငွေကြေးလည်ပတ်မှု များစွာမကောင်းသဖြင့် ဈေးနှုန်းများသည်လည်း စည်းချက်ညီလှုပ်ရှားမှု မရှိပေ။ ထို့ကြောင့် လာမည့်အပတ်အထိ တည်ငြိမ်သောတိုးတက်မှုကို မျှော်လင့်၍ မရနိုင်ဟု ဝေဖန်သူများက ပြောဆိုကြသည်။ နှစ်ကုန်ရက်ဖြစ်သဖြင့် ဈေးကွက်တွင် ဒေါ်လာသည် ဆက်လက်၍ အားကောင်းနေမည်ဟုခန့်မှန်းရသည်။ (အေအက်ဖ်ပီ)

## အာဆီယံ-တရုတ် လွတ်လပ်စွာကုန်သွယ်ရေးဒေသ ဖွင့်လှစ်မည်

တရုတ်-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးဒေသ(FTA) ကို သောကြာနေ့က စတင်တည်ထောင်လိုက်ပြီဖြစ်သည်။ ဒေါ်လာဘီလီယံများစွာ တန်သော ကုန်ပစ္စည်းနှင့်ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရှစ်နှစ်ကြာ ကြိုးပမ်းပြီးနောက် တရုတ်-အာဆီယံ FTA သည် အခြားသောစီးပွားရေး အဖွဲ့ကြီးများဖြစ်သည့် ဥရောပသမဂ္ဂ၊ မြောက်အမေရိကန် ကုန်သွယ်ရေးဒေသတို့နှင့် ရင်ပေါင်တန်းနိုင်လာတော့မည်ဖြစ်သည်။ တရုတ်အာဆီယံကုန်သွယ်မှုသည် လက်ရှိတွင် တစ်နှစ်လျှင် ၂၀% ခန့်တိုးတက်လျက်ရှိသည်။ လောလောဆယ်တွင် တရုတ်နိုင်ငံသည် အာဆီယံ၏ မူလတည်ထောင်သူ ခြောက်နိုင်ငံအကြားတွင် ကုန်ပစ္စည်းအရေအတွက် ၉၀% ပေါ်တွင် အခွန်များလျှော့ချ၍ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားပေးမည်ဖြစ်သည်။ တရုတ်-အာဆီယံ ကုန်သွယ်မှုသည် လွန်ခဲ့သောဆယ်နှစ်အတွင်း အထူးတိုးတက်ဖြစ်ထွန်းခဲ့၍ ယမန်နှစ်ကကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၉၂.၅ ဘီလီယံထိ ရောက်ရှိခဲ့သည်။ (အေအက်ဖ်ပီ)

## မြောက်ကိုရီးယားသို့ တောင်ကိုရီးယားက ဝမ် ၂၆ ဘီလီယံ ထောက်ပံ့

လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့ရေး အစီအစဉ်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ တောင်ကိုရီးယားမှ ဝမ် ၂၆ ဘီလီယံ ထောက်ပံ့မည်ဖြစ်ကြောင်း တောင်ကိုရီးယားမှ တနင်္လာနေ့က သတင်းထုတ်ပြန်သည်။ ယင်းထောက်ပံ့မှုသည် ယခုလအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။ အဟာရမပြည့်မီသော ကလေးများအား ထောက်ပံ့နိုင်ရန်အတွက်WHO အဖွဲ့သို့ ဝမ် 15.2 ဘီလီယံ၊ UNICEF အဖွဲ့သို့ ဝမ် 4.7 ဘီလီယံ ထောက်ပံမည်ဖြစ်ပြီး ကျန် 6 ဘီလီယံခန့်အား ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပြုလုပ်သော အခြား ထောက်ပံ့ရေးကိစ္စများအတွက် ခွဲဝေသုံးစွဲသွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံရှိ ကလေးသူငယ်များအား ပုဂ္ဂလိကနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တဆင့် ထောက်ပံ့မှုပြုရန် ဆုံးဖြတ်ထားရှိသည်ဟု ဆိုသည်။ ဒီဇင်ဘာလ 18 ရက်နေ့က အမေရိကန်ဒေါ်လာ ၁၅ သန်းတန်ဖိုးရှိသော တုပ်ကွေးဆေးဝါးများ တင်ဆောင်ထားသည့် သင်္ဘောတစ်စီးအား မြောက်ကိုရီးယားသို့ စေလွှတ်ထောက်ပံ့ခဲ့သည်။ (အေအက်ဖ်ပီ)

## ယူအေအီးတွင် နျူလျှပ်စစ်စွမ်းအင်စက်ရုံများတည်ဆောက်မည်

ယူအေအီးနိုင်ငံတွင်နယူးကလီးယားစွမ်းအင်စက်ရုံလေးလုံးတည်ဆောက်ရန်တင်ဒါကိုတောင်ကိုရီးယားနိုင်ငံ၊လျှပ်စစ်စွမ်းအင်ကော်ပိုရေးရှင်း(Kepco) ဦးဆောင်သောကုမ္ပဏီစုကရရှိသွားခဲ့သည်။ တင်ဒါတန်ဖိုးသည် $ (၄၀)ဘီလီယံရှိ၍ လုပ်ငန်းများကို (၂၀၂၀)ခုနှစ်တွင် အပြီးသတ်ရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစုတွင် ဆမ်ဆောင်း၊ ဟွန်ဒိုင်း၊ ဒူဆန်းအကြီးစားစက်မှု၊ အမေရိကန်မှ ဝက်စတင်းဟောက်နှင့် ဂျပန်မှ တိုရှီဘာကုမ္ပဏီတို့ပါဝင်သည်။ ယခုတင်ဒါသည် တောင်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံရပ်ခြားတွင်ရရှိသော လုပ်ငန်းများအနက် အကြီးဆုံးဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် နယူကလီးယားစွမ်းအင်စက်ရုံ (၂၀)လည်ပတ်လျှက်ရှိသည်။ (ဘီဘီစီ)

# သတင်းအတို

## ရေထွက်ပစ္စည်းပွဲတော်ကျင်းပမည်

ငါးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာရေထွက် ပစ္စည်းဈေးပွဲတော်ကို ဇန်နဝါရီလ ၂ရက်မှ ၄ရက်အထိ ရန်ကုန်မြို့ ဘုရင့်နောက်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် ဝင်းအတွင်း ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါဈေးပွဲတော်ကို နံနက် ၉နာရီမှ ည ၁၀နာရီအထိ ကျင်းပသွားမည်ဖြစ်ကာ ဆိုင်ခန်း ၂၅ခန်းခန့်တွင် အသင့်ချက်ပြုတ်ပြီး ရေထွက် ပစ္စည်း အသားစိမ်းနှင့် တန်ဖိုးမြှင့်ရေထွက်ပစ္စည်းများ အပါအဝင် ရေထွက်ပစ္စည်းများ အပါအဝင် ရေထွက်ပစ္စည်းအသားစိမ်းနှင့် တန်ဖိုးမြှင့်ရေထွက်ကုန်များကို ရောင်းချသွားမည်ဖြစ်သည်။ ယင်းပွဲတော်ရက်အတွင်း အဖွဲ့ချုပ်၏ မြေညီထပ်တွင် အဖွဲ့ချုပ်အောက်ရှိအသင်းကိုးသင်း၏ လှုပ်ရှားဆောင်ရွက်မှုများအား ပြခန်းပေါင်း ၂၅ခန်းဖြင့် ပြည်သူလူထုအားပညာပေးပြသ သွားည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။ ပွဲတော်ပိုမိုစည်ကားရေးအတွက် လူသုံးကုန်ပစ္စည်းများလည်း ရောင်းချသွားမည်ဖြစ်ပြီး ညပိုင်းဖျော်ဖြေရေးအစီအစဉ်များတွင် မြန်မာ့ဆိုင်းဝိုင်းနှင့် အငြိမ့်တို့လည်း ပါဝင်မည်ဖြစ်ကာ ကလေးများအတွက် ကစားကွင်းငယ်များလည်းပါဝင်မည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ကောဒသမ အကြိမ် နှစ်ပတ်လည် အစည်းအဝေးကိုလည်း အဆိုပါ နေ့နံနက် ၉နာရီတွင်ကျင်းပသွားမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ဆေးကောင်စီဥပဒေနှင့်အညီ ကုသရေး ပြည်နယ်တိုင်းများ၌ ကွင်းဆင်းပညာပေး

မြန်မာနိုင်ငံတစ်ဝန်းရှိ ဆရာဝန်များအနေဖြင့် ဆေးကောင်စီကထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ကုသဝန်ဆောင်ပေးနိုင်ရေး ပြည်နယ်နှင့်တိုင်းများအားလုံး၌ ကွင်းဆင်း ပညာပေး လုပ်ဆောင်လျက်ရှိကြောင်း ဥက္ကဋ္ဌပါမောက္ခ ဦးကျော်မြင့်နိုင်၏ ပြောကြားချက်အရသိရသည်။ ထိုသို့ အသိပညာပေးလုပ်ဆောင်ရာတွင် ဆေးကောင်စီ၏ ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းပြကာ ဥပဒေမူဘောင်အတွင်းမှ ဝန်ဆောင်ကုသနိုင်ရန် လုပ်ဆောင်ခြင်းဖြစ်သလို မြန်မာနိုင်ငံဆရာဝန်အသင်း၏ လှုပ်ရှားမှုအကြောင်းများနှင့် နောက်ခံသမိုင်းအကြောင်းများကိုလည်း ဗဟုသုတအဖြစ်သိရှိနိုင်ဖို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။ "ဥပဒေထဲကနေ ဆောင်ရွက်နိုင်ဖို့ အသိပညာပေးပါတယ်။ အခုပြည်နယ်နဲ့တိုင်း ၁၀ခုမှာ ဖြန့်ကြက်ပြီးသွားပြီ၊ ဆရာဝန် တော်တော်များများက ဒီဥပဒေကို မသိကြသလို ကိုင်တောင်မကြည့်ဖူးတဲ့သူများတာကို တွေ့ရှိလာရပါတယ်" ဟု ၄င်းက ပြောကြားသည်။ ထို့ကြောင့် ဆေးလောကအတွင်း အငြင်းပွားဖွယ်ပြဿနာများလည်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ယင်းဥပဒေများကို လက်ဝယ်ထားကာ မူဘောင်သတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်သည့်အခါ မလိုလားအပ်သောအငြင်းပွားမှု ပြဿနာများမှ ကင်းဝေးစေနိုင်မည်ဟု ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၃ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အွန်လိုင်းမှပင် ရောင်းချနိုင်မည်ဆိုသော ကျောက်မျက်ရတနာစတိုးတစ်ခု စတင်ဖွင့်လှစ်

ထိုင်းနိုင်ငံတွင် ဖွင့်လှစ်ထားသည့် Jewelry Trade Centre ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် ကျောက်မျက်ရတနာ ကုန်သွယ်မှုတစ်ခုအား အမြန်မာနိုင်ငံတွင် ဖွင့်လှစ်တော့မည်ဖြစ်ပြီး ယင်းစင်တာတွင် မြန်မာပြည်၏ ပထမဦးဆုံးသော အွန်လိုင်းကျောက်မျက်ရတနာစတိုးတစ်ခုအဖြစ် ရောင်းဝယ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါပြခန်းတွင် ရောင်းချသည့် လုပ်ငန်းရှင်များအတွက် www.jewelrytradecenter.com ဝဘ်ဆိုက်တွင် တစ်ဆိုင်ချင်းစီ၏ ရောင်းချသည့်ပစ္စည်းအမျိုးအစားနှင့် ဈေးနှုန်းများ၊ ဝန်ဆောင်မှုများကို ဖော်ပြပေးထားမည်ဖြစ်ပြီး၊ အွန်လိုင်းစတိုးအဖြစ် နိုင်ငံတကာရှိကုန်သည်များထံသို့ ချိတ်ဆက်ရောင်းချခွင့်ရှိမည်ဟု သိရသည်။ ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၏ ယခင်စန်ဒီစာသောက်ဆိုင်နေရာအား ပြင်ဆင်၍ ကောင်တာ ၇၀ ပါဝင်သော အရောင်းပြခန်းအဖြစ် ပြောင်းလဲပြီး ဖွင့်လှစ်ခြင်းဖြစ်ကာ ဆိုင်ဖွင့်လိုသူများကို ငှားရမ်းပေးမည်ဖြစ်သည်။ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် အဆိုပါ Jewelry Trade Center (Yangon)သည် ကျောက်မျက်အရောင်းအဝယ်ပြုလုပ်ခြင်းအပြင် ကုန်သည်များအတွက် ရတနာများ၏ အရည်အသွေး၊ အရွယ်အစားနှင့် အမျိုးအစားခွဲခြားမှုစံလက်မှတ်များရယူခြင်း၊ ရတနာသွေးခြင်း၊ Online Store အရောင်းအဝယ်ပြုပေးခြင်း စသည့်ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် 7Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရတနာပုံတယ်လီပို့လုပ်ငန်းလေးမျိုးလုပ်ကိုင်ခွင့်ရရှိ

ဇူလိုင်လအတွင်းကဖွဲ့စည်းတည်ထောင်ခဲ့သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီ၏ လုပ်ငန်းများကို ယခုစတင်လုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိရာ တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်း၊ စက်ပစ္စည်းတပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းတို့ကို လုပ်ကိုင်ခွင့်ရရှိထားကြောင်း ထိုကုမ္ပဏီဒါရိုက်တာတစ်ဦးက ပြောကြားသည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် ပုဂ္ဂလိကတယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း(Private Telecommunication Operator) အနေဖြင့်လည်း ဆောင်ရွက်သွားရန် အစီအစဉ်ရှိပြီး ထိုလုပ်ငန်းကို စတင်ဆောင်ရွက်ပါက မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော ပုဂ္ဂလိကတယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းဖြစ်လာမည်ဖြစ်သည်။ ထိုကုမ္ပဏီကို အစုရှယ်ယာများအပါအဝင် နာမည်ကျော်ကုမ္ပဏီကြီးအချို့၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပြီးခဲ့သည့် ဇူလိုင်လ ၂၂ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်း တင်းနစ်လူရွေးချယ်ပြိုင်ပွဲကျင်းပမည်

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန်တိုင်းတင်းနစ် (အမျိုးသား/အမျိုးသမီး) လူရွေးချယ်ပြိုင်ပွဲကို ရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်းတွင် ၂၀၁၀ခုနှစ်ဇန်နဝါရီ ၅ရက်မှ ၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း လက်ရည်အဆင့်ရှိသူ မည်သည့် အားကစားသမားများမဆိုဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇန်နဝါရီ၄ရက်ညနေ ၃နာရီနောက်ဆုံးထား၍ ရန်ကုန်တိုင်း တင်းနစ်ဆပ်ကော်မတီ ဖုန်း-၀၉-၅၁-၄၅၂၅၅၊ ၀၉-၈၅-၃၄၄၃၇၊ ၀၉-၉၉-၂၂၈၅ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။ ရွေးချယ်ခံရသူများသည် ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား အားကစားသမား ငါးဦး၊ အမျိုးသမီးအားကစားသမားငါးဦး ရွေးချယ်မည်ဖြစ်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်မှ"   Ethical Leadership, Ethnical Organization "ခေါင်းစဉ်ဖြင့် ကုန်သည်စက်မှုအသင်းချုပ်တွင် ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (ဇန်နဝါရီ/၂၀၁၀) ကိုဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင်ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ  ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ကျင့်ဝတ်ညီသော ခေါင်းဆောင်မှုနှင့် ကျင့်ဝတ်ညီသော အဖွဲ့အစည်း Ethical Leadership, Ethnical Organization ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြေပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများမည်သူမဆိုတက်ရောက်နိုင်ကြကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲကို ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမတွင် ဇန်နဝါရီ၉ရက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါဆွေးနွေးပွဲတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာ ထွန်းလွင်၊ ပညာရှင်ဦးအုန်း( Freda)၊ စာရေးဆရာမဂျူး၊ ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင် အကယ်ဒမီလွင်မိုးတို့က သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဆိုင်ရာများကို မိမိတို့ကျွမ်းကျင်သော ကဏ္ဍအလိုက် တင်ပြဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သိရသည်။ "ဒီဟောပြောပွဲကို စကားဝိုင်းပုံစံနဲ့ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အရင်ကဆိုရင် ဟောပြောပွဲကို တစ်ယောက်တည်းက ဟောပြောတဲ့ပုံစံနဲ့ ပြုလုပ်ပေမယ့် အခုလိုဆွေးနွေးစကားဝိုင်းပုံစံက ပိုပြီးထိရောက်မှုရှိနိုင်တယ်လို့ ယူဆရတယ်။ ကိုယ်ကျွမ်းကျင် တဲ့ ဘာသာရပ်ကဏ္ဍ အလိုက် ဆွေးနွေးကြမှာဆိုတော့ ပိုပြီးလည်းဗဟုသုတရနိုင်ပါတယ်။ ကျွန်တော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲတာတွေ ဆက်စပ်ပုံကို ဆွေးနွေးမှာဖြစ်ပါတယ်"ဟု ဒေါက်တာထွန်းလွင်က ဆိုကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပန်းချီဆရာ ၆၃ဦးနဲ့ Majesty Art ပြပွဲပြသ

ကွယ်လွန်သွားသည့် နာမည်ကြီး ပန်းချီဆရာ (၂၀) ဦး၏ ပန်းချီကားများနှင့် သက်ရှိထင်ရှားရှိနေသေးသည့် ပန်းချီဆရာ(၄၃)ဦး၏ ပန်းချီကားများပြပွဲကို ဒီဇင်ဘာ ၂၅ရက်မှ ၂၀၁၀ဇန်နဝါရီ၅ရက်အထိ ကုန်သည်လမ်းနှင့် ၃၈လမ်းထောင့်ရှိ စားသောက်ဆိုင်တွင် ခင်းကျင်းပြသလျက်ရှိသည်။ Majesty Art Exhibition ဟုအမည်ပေးထားသော အဆိုပါပန်းချီပြပွဲကို PMG ကုမ္ပဏီက ဦးစီးစီစဉ်ကျင်းပခြင်းဖြစ်ပြီး ၎င်းကုမ္ပဏီ၏ ထုတ်ကုန်တစ်မျိုးကိုဈေးကွက်အတွင်း ပိုမိုနေရာရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ၂၀၀၉ခုနှစ်ဒီဇင်ဘာ ၂၉ရက်နေ့ထုတ် Popular ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရတနာပုံ နည်းပညာပြပွဲတွင် အမျိုးသားအဆင့် ဂိမ်းပြိုင်ပွဲကျင်းပမည်

ရတနာပုံဆိုက်ဘာစီးတီး၏ တတိယအကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ပြိုင်ပွဲ၌ အမျိုးသားအဆင့် ဂိမ်းပြိုင်ပွဲဖြစ်သော National Level Game Competation ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာတယ်လီပို့မှ ဦးစီးကျင်းပမည့် National Level Game Competation အား ရတနာပုံ ဆိုက်ဘာစီးတီး၏ တတိယအကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ပြပွဲ စတင်ဖွင့်လှစ်သည့်နေ့တွင်ပင် ကျင်းပမည်ဖြစ်ပြီး၊ ပြပွဲပြီးဆုံးမည့် ၃၁ရက်မတိုင်မီ အဆိုပါဂိမ်းပြိုင်ပွဲ ပြီးဆုံးမည်ဖြစ်သည်။ National Level Game Competation ကို ရတနာပုံအိုင်စီတီပြပွဲရက်မတိုင်ခင် မန္တလေးက ဆရာဝန်များအသင်းမှာ အုပ်စုပွဲ၊ ရှုံးထွက်ပွဲဆိုပြီး ကစားမယ်။ အဲဒီက ဆီမီးဖိုင်နယ်မှာ နိုင်တဲ့နှစ်သင်းနဲ့ ရှုံးတဲ့နှစ်သင်းက ဗိုလ်လုပွဲနဲ့ တတိယလုပွဲကို ရတနာပုံအိုင်စီတီပြပွဲမှာ ဆက်လက်ကျင်းပမှာပါ" ဟု အဆိုပါ အမျိုးသားအဆင့်ဂိမ်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးတေဇာဝင်က ပြောသည်။ အမျိုးသားအဆင့် ဂိမ်းပြိုင်ပွဲအတွက် လိုအပ်သော နည်းပညာဆိုင်ရာ ကွန်ပျူတာပစ္စည်းများအား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများမှ ပံ့ပိုးကူညီပေးထားပြီး ဆုများအနေဖြင့် ပထမဆုကျပ် ၈သိန်း၊ ဒုတိယဆုကျပ် ၅သိန်းနှင့် တတိယဆု ကျပ် ၃သိန်းတို့ကို ပေးအပ်သွားမည်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်နေ့ထုတ် 7Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## YANGON EXPO'2010 ကုန်စည်ပြပွဲကျင်းပမည်

၂၀၁၀၏ ပထမဆုံးအကြိမ်အဖြစ် Yangon Expo' 2010 ကုန်စည်ပြပွဲကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဟုသိရှိရသည်။ အဆိုပါပြပွဲကို Smart Business Group မှ စီစဉ်းကျင်းပပေးမည်ဖြစ်ပြီး အီလက်ထရွန်နစ်ဆိုင်ရာ ပစ္စည်းများ၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာဆိုင်ရာပစ္စည်းများ၊ အဝတ်အထည်နှင့်ဆေးဝါးများ၊ မွေးမြူရေးသုံးကုန်များ၊ အလှကုန်များ၊ မီးစက်နှင့် အထွေထွေအသေးစားနှင့် အလတ်စားစက်ပစ္စည်းများ အိမ်ရာအရောင်းပြခန်းများနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးလျှော့ဈေးများနှင့်အတူ ကံစမ်းမဲများ၊ မေတ္တာလက်ဆောင်များ၊ အရစ်ကျငွေချေစနစ်များဖြင့်ပြသရောင်းချသွားမည် ဟုသိရသည်။ ပြပွဲကို နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ပြသရောင်းချသွားမည်ဖြစ်ပြီးပြခန်းပေါင်း ၁၇၀ကျော်ပါဝင်သည့် အပြင် လာရောက်သူများကိုလည်း Dancer Show များ၊ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲများဖြင့် ဖျော်ဖြေပြသသွားမည်ဟုသိရသည်။ ၎င်းပြပွဲတွင် ပြခန်းများဖွင့်လှစ်ပြသလိုပါက Smart Business Group ဖုန်း ၀၁-၆၆၃၈၇၇၊ ၀၉-၅၀၉၉၀၇၉ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၇ရက်နေ့ထုတ် 24/7 News ဂျာနယ်တွင်ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အောင်ဆန်းတပ်ဦးဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ
## ရင့်ကျက်စိတ်ထားဉာဏ်စွမ်းအားမြှင့်

ဒီမှာသင်္ချာဆိုတာက ပုစ္ဆာတစ်ခုအရတွက်လို့ အဖြေထုတ်လို့ရပေမယ့် လက်တွေ့အသုံးချဝန်းကျင် မှာ အလုပ်ဖြစ်ချင်မှဖြစ်တာ။ ဥပမာ- အဝ ၆လက်မ၊ အကျယ် အနက် ၁လက်မရှိတဲ့ တွင်းတစ်တွင်းကို လူတစ်ယောက်ဟာ ၁၅မိနစ်တူးရတယ်ဆိုပါတော့။ လူ ၅ယောက်တူးရင် ၁မိနစ်နဲ့ ပြီးရမယ်။ ဒါသင်္ချာနည်း။ ဒါပေမယ့် တကယ်လုပ်ကြည့်တဲ့အခါကျတော့ ဒီ ၆လက်မအကျယ်တွင်းကလေးကို လူ ၅ယောက်ဘယ်လို ဝိုင်းတူးမလဲ။ ဒါကသင်္ချာသဘောနဲ့ လက်တွေ့အသုံးချမှု ကွာတာပြောတာ။

ဒီမှာလည်းပဲ တစ်ချက်ဝါး ၅ခန္ဓာနှုန်းနဲ့ ဝါးတဲ့အချက်တိုင်းကို မြှောက်လို့မရဘူးနော်။ ၂ချက်ဝါးလိုက်တော့ ၁ခန္ဓာမရှိတော့ဘူး။ ပထမတစ်ချက်ဝါးတဲ့ ခန္ဓာမရှိတော့ဘူး။ ဒါက အကျဲအမြင်နော်။ တကယ် ဝိပဿနာရှုတဲ့ အခါကျတော့ အဲဒီလောက် အကျဲမြင်ရုံလေးနဲ့ တရားမရနိုင်သေးဘူး။ သံယောဇဉ်ပဲရှိတယ်။ တစ်ခါတည်းမှကို တကယ်တမ်းနဲ့ကို ပါးစပ်နဲ့ပြောတာက နေးတယ်။ အဲဒီလိုကို မြင်နေရမှာ။

ဒါကတော့ ကြိုပြောထားသလို ဖြစ်နေမယ်နော်။ ပထမတော့ အကျဲမြင်ရမယ်။ တစ်ချက်ဝါးရင် တစ်ချက်မြင်၊ နှစ်ချက်ဝါးရင် နှစ်ချက်မြင်ပေါ့။ အဲတော့ ကိုယ့်ဆွမ်းတစ်လုတ် ဝမ်းထဲရောက်အောင် ယောဂီတို့မှတ်ပါ။ ရှုပါလို့ဘုန်းကြီးတို့ နေ့တိုင်းသတိပေးနေရတယ်။ အဲတော့ကိုယ့်ဆွမ်းဝါးတိုင်း ဝါးတိုင်း မှတ်ကြရမယ်။ အမှတ်မလွတ်စေနဲ့၊ မကျဲစေနဲ့၊ ဝါးတိုင်းဝါးတိုင်း မှတ်ကြတယ်ဆိုရင် ဆွမ်းတစ်လုတ်မှာ မျိုချတဲ့အဆင့်ထိရောက်အောင် ဘယ်နချက်လို့မပြောတော့ဘူး။ မိသွားပြီ။ အဲဒါသတိပဋ္ဌာန်။ နောက် ဘယ်နချက်လို့ မပြောတော့ဘူး။

ကဲ- ဒီနေ့ကိုယ့်ဟာကိုယ်မှတ်။ နောက်ဟိုမှာ အထူးစခန်းရှိတယ်နော်။ အထူးစခန်းကျတော့မှ သေသေချာချာတစ်ယောက်ချင်းကို စစ်ကြည့်ပြီးတော့မှကို ဒီလိုကျေးဇူးပြုမှာ။ အဲတော့ဒီနေ့ကစ လေ့ကျင့်ပြီးတော့ ဆွမ်းတစ်လုတ် ဝမ်းထဲရောက်အောင် ဝါးတာက ဘယ်နချက်။ မျိုတာက ဘယ်နချက်။ အဲလို ဒီဇွန်းလေးကို စကိုင်တဲ့ အချိန်ကစပြီးတော့ ဝမ်းထဲကို ဆွမ်းရောက်သွားတဲ့ အချိန်အတွင်း ဘယ်နစ်ချက်မှတ်မိတယ်ဆိုတာ မှတ်တမ်းတင်ထားလေ။ အဲဒီလို ကိုယ့်မှတ်တမ်းလေးနဲ့ ကိုယ့်ဟာကိုယ် မှတ်တမ်းတင်ထားလိုက်မှာပေါ့။ စိတ်ထဲက။ ဒီလိုအတင်းခိုင်းတာက တခြားကြောင့်မဟုတ်ဘူး။ သတိအား ကောင်းစေချင်လို့။ သတိဆိုတာ ပိုတယ်လို့မရှိဘူး။

အဲဒီလိုမျိုး တစ်ဆင့်ချင်းစီ တစ်ဆင့်ချင်းစီ မှတ်နေတဲ့အခါကျတော့ ကိုင်တော့ ကိုင်တဲ့စိတ်၊ ယူတော့ယူတဲ့စိတ်၊ ထမင်းလုတ်ကိုင်တော့ ကိုင်တဲ့စိတ်၊ မွှေတော့ မွှေတဲ့စိတ်၊ ဝါးတော့ ဝါးတဲ့စိတ်၊ မျိုတော့ မျိုတဲ့စိတ်၊ တစ်ဆင့်ချင်းစီ လာပါလိမ့်မယ်။ အဲဒီလိုမျိုးဖြစ်ပေါ်တဲ့ စိတ်တွေကို ဒီအတိုင်း အလွတ်မခံထားရမှာ မဟုတ်ဘူး။ ရှုရမယ်။ ဒီကြားထဲ နောက်တောက်တောက် ယောဂီတွေက ရှိသေးတယ်။ ဆွမ်းစားတော့ မှတ်ဆိုတော့ "မှတ်တာတော့ မှတ်ပါတယ် ဘုရား" တဲ့ "ဟာ- ဘယ်လို မှတ်တုံး"ဆိုတော့ "တစ်ပန်းကန်၊ နှစ်ပန်းကန်၊ သူစားတာတစ်ပန်းကန် ကုန်သွားပြီ။ နှစ်ပန်းကန် ကုန်သွားပြီ၊ သုံးပန်းကန် ကုန်သွားပြီ၊ ဒါ- မှတ်တယ်" ဆိုတော့ "ဩော်- ခက်ရ ချည်ရဲ့" သူပြောတဲ့ စကားမှားတော့ မမှားဘူး၊ အမှတ်ကျဲလွန်းနေတယ်။ တစ်လုတ်ချင်း မမှတ်ဘဲ တစ်ပန်းကန်ချင်းမှတ်တော့ အမှတ်ကျဲတော့တာပေါ့။ ဒါမျိုးယောဂီ ကျွေးရရင်တော့ ဝေယျာဝစ္စသမား သက်သာမှာမဟုတ်ဘူး။ မှတ်ဖို့ အရေးကြီးတဲ့အကြောင်းနော်။ အဲဒါက စားရင်စားစိတ်ကို မှတ်၊ ဥပမာ ဆိုကြပါစို့။

ယားနာ ကောင်းစိတ်။

ယားနာကောင်းစိတ် ဆိုတော့ ဒီနေရာမယ် မရှင်းရသေးလို့ ထပ်ရှင်းဦးမယ်။ ဘာစိတ်ပြောမှန်း မသိဘူး။ အဲဒီတော့ ယားနာကောင်းစိတ် ဆိုတော့ ဥပမာ- ခန္ဓာကိုယ်မှာ အဝတ်ဝတ်တော့ ဝတ်တဲ့စိတ် ဖြစ်လာမယ်။ ဆိုကြပါစို့။ အဝတ်ကလေး ကိုယ့်ခန္ဓာကိုယ်ကို တင်လိုက်တော့ နူးနူးညံ့ညံ့အတွေ့လေး တွေ့တာပေါ့။

နူးနူးညံ့ညံ့လေးတွေ့ရင်တွေ့တာကို မှတ်ရမှာ။ အဲဒီလိုမမှတ်လိုက်တာနဲ့ ဝေဒနာပစ္စယာ တဏှာဆိုတာ လာရော။ ဟော- အဝတ်ဝတ်နေရင်းက ဟိုမှာတဏှာ ဖြစ်နေတာ၊ တဏှာဆိုတာ အခြားမဟုတ်ဘူး။ လောဘ။ တဏှာဖြစ်တာနဲ့ ပဋိစ္စသမုပ္ပါဒ်က ဥပါဒါန်ဆက်ကရော။ ဥပါဒါန်ဖြစ်ပြီဆိုတော့ ဟိုဘက်က ကံပါလာလေရော။ ကံဆိုတာ ဒီအဝတ်ဝတ်တာကို ပြောတာ။ အဲဒီတော့ အဝတ်က ကံနဲ့ဝတ်နေတာ။ ဒီတော့ ဒီကံမြောက်သွားတာ တခြားနဲ့မြောက်သွားတာ မဟုတ်ဘူး။ တဏှာနဲ့ မြောက်တာ။

တရားကောက်တော့ လောဘ၊ လောဘနဲ့ ကံမြောက်သွားတော့ အဝတ်ဝတ်တာကို သဘောကျပြီး ဝတ်တဲ့အမိပ္ပါယ်ပဲ။ အရပ်ပြော၊ ပြောတော့ ဩော်- ဒီအဝတ်ကလေးသဘောကျလိုက်တာ လို့၊ ဝတ်တယ်ဆိုတာက တဏှာ၊ ဥပါဒါန်ကံဖြစ်နေတယ်။ ဒီလိုဖြင့် ဒီပုဂ္ဂိုလ် အဝတ်ဝတ်တာက သစ္စာနဲ့ ပြောတော့ သမုဒယသစ္စာနဲ့ ဝတ်နေတယ်။ နံပါတ်သုံးအကွက်မှာ ဒီအဝတ်ကလေးကို ကိုယ်ပေါ်တင်လိုက် လို့ ဒကာ၊ ဒကာမတွေ....၊ အမယ်လေး- နူးနူးညံ့ညံ့လေး ခံစားနေတာက ဝေဒနာ။ ခန္ဓာကိုယ်မှာ တင်လိုက်လို့ တွေ့ထိတာက ဖဿ။ သဘောကျပြီး ခံစားနေတာက ဝေဒနာ။ ဒီအဝတ်ကလေးအပေါ်မှာ တွယ်တာက တဏှာ။ ဒီအဝတ်ကို စွဲစွဲလမ်းလမ်း ဖြစ်တာက ဥပါဒါန်။ ဒါနဲ့ပဲ ဝတ်နေတာက ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ။ ဒီလိုဖြင့်အဝတ်ဝတ်တိုင်း ဒကာ၊ ဒကာမတွေ...... ဟိုမှာ ဒယ်အိုးလှမ်း လှမ်းကြည့်တယ်။

ဆက်ရန်

# ဟာသ

## အကြောင်းကြားပါ့မယ်

“ဆိတ်သားလိုချင်လို့”

“ရပါတယ်”

“အဆီ၊ အရိုး၊ အကြော မပါတဲ့နေရာကပေးပါ၊ အသားချည်းလိုချင်လို့”

“အဆီ၊ အရိုး၊ အကြောမပါတဲ့ ဆိတ်သားမျိုးမွေးမြူလို့ရမရ သုတေသနလုပ်ကြည့်ပါဦးမယ်ခင်ဗျာ၊ မွေးမြူလို့ရတယ်ဆိုရင် အကြောင်းကြားလိုက်ပါ့မယ်”

## စိုးရိမ်တယ်လေ

ပွဲစားကြီးက ကြက်တူရွေးကြီးတစ်ကောင် ဝယ်လာတယ်၊ အိမ်ရောက်တော့ သူ့သားလေးက

“ကြက်တူရွေးကြီးက စကားပြောတတ်သလားဟင်”

“မပြောတတ်ပါဘူး”

“ဖေဖေက စကားမပြောတတ်တဲ့ ကြက်တူရွေးကို ဘာလို့ဝယ်လာရတာလဲ”

“အလိမ်မခံရအောင်ပေါ့ကွာ”

## ပိုတယ်

ပွဲစားကြီးနဲ့ ပွဲကတော်ကြီးက ကုန်တိုက်ထဲမှာ လှည့်ပတ်ကြည့်နေရာက

“ကျွန်မလိုချင်တာတွေအများကြီးပဲ၊ ကောင်တာတိုင်းမှာ ရှိနေတယ်”

“ငါလိုချင်တာတွေက မင်းထက်ပိုတာပေါ့ကွာ”

“နောက်ရုံးခန်းထဲက ကွန်ပျူတာတိုင်းမှာပါရှိနေတာ။

## ကံ့ရတဲ့တစ်ခါ

အရောင်းအဝယ်လုပ်တာပဲ၊ ရှုံးတဲ့အခါရှုံး၊ မြတ်တဲ့အခါ မြတ်ပေါ့ကွာ၊ မင်းကသုံးခါ ဆက်တိုက်မြတ်ပြီးမှ တစ်ခါလေးရှုံးတာနဲ့ ညည်းနေရတယ်လို့ဗ

“သုံးခါမြတ်တုန်းက တစ်သောင်းဖိုးလောက်စီ စမ်းပြီးလုပ်ကြည့်တာကွ။ သေချာပြီဆိုပြီးရှိတဲ့ ငါးသိန်းအကုန်ရင်းလိုက်တတော့မှ ရှုံးသွားတာ”

## ဒါပေမယ့်

“ကျွန်တော်တို့ကုမ္ပဏီထုတ် တံဆိပ်နဲ့ဆင်တူယိုးမှားတူနေတဲ့ တံဆိပ်တွေခွဲတယ်ဆရာ၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်သလဲ”

“သူက ၁၉၉၀ခုနှစ်ကတည်းက စတင်ထုတ်လုပ်ပါတယ်ဆိုပြီး ရေးထားတော့ ကျွန်တော်တို့ထက် ၁၀နှစ်စောနေလို့”

မှတ်မိသမျှ စီးပွားရေးဟာသ (ကံချွန်)

# ပေဒင်

<u>ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)</u>

January 1th မှ January 7th ကြား

အပြောင်းအလဲနှင့်တိုးတက်မှုများ ဖြစ်ပေါ်မည်။ လမ်းသစ်ထွင်ပြီးလုပ်သောကိစ္စများမှ ထူးခြားသောအကျိုးဆက်ရမည်။ ဆုံးဖြတ်ချက်မှန်မည်။ နေရာထိုင်ခင်းကိစ္စစကားပြောရမည်။ အလုပ်အကြံအစည်သစ်များနှင့် တိုးတက်မည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ နေရာသစ်ချဲ့ထွင်ပြီးလုပ်ကိုင်ခြင်းမှ တက်လမ်းရမည်။ မိသားစုနှင့် ပတ်သက်သော သတင်းကောင်းများကြားမည်။ အခွင့်အရေးသစ်များပေါ်ထွန်းမည်။ ပျို့ရွယ်သွေးသူများစန်းပွင့်မည်။ ချစ်သူများရသော အနေအထားကြုံမည်။ ရုတ်တရက်ပေါ်လာသောအခြေအနေသစ်နှင့် တက်လမ်းဖန်တီးနိုင်မည်။ စိတ်ကူးသစ်များကို ရဲရဲ့ရှေ့တိုးအကောင်အထည်ဖော်ပါ။

<u>ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)</u>

January 1th မှ January 7th ကြား

အခက်အခဲများကို ကျော်လွှား၍ တိုးတက်မှုများရရှိမည်။ အပြိုင်အဆိုင်ပြုလာသူများအပေါ် အနိုင်ယူလွှမ်းမိုးနိုင်မည်။ အခွင့်အလမ်းသစ်များပေါ်ပေါက်မည်။ ရည်မှန်းချက်သစ်များ အကောင်အထည်ဖော်နိုင်မည်။ ပိတ်နေသောလမ်းကြောင်းများ ပြန်ပွင့်လာမည်။ အစီအစဉ်အတိုင်း မဖြစ်ဘဲ ကြန့်ကြာနေသောကိစ္စများ ပြန်လည်အဆင်ပြေမည်။ သူတစ်ပါးနှင့်မတူသော အတွေးအမြင်နှင့် ဆောင်ရွက်ခြင်းမှ တိုးတက်မှုများရမည်။ အပြောင်းအလဲနှင့် ပတ်သက်သောစီစဉ်မှုများအောင်မြင်မည်။ ခရီးကိစ္စ ပြောဆိုမှုများအဆင်ပြေမည်။ အချစ်ရေးနှင့် လူမှုရေးတွင် ပဋိပက္ခနှင့် အငြင်းပွားမှုများရှိနေမည်။

<u>မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)</u>

January 1th မှ January 7th ကြား

လမ်းသစ်ထွင်၍ လုပ်ကိုင်မှုများမှ ကောင်းသောအကျိုးရရှိမည်။ သူတစ်ပါးကိစ္စအတွက် အချိန်ကုန်လူပန်းလိုက်လံဆောင်ရွက်ရမည်။ မိဘအကြီးအကဲ ကျန်းမာရေးဂရုစိုက်ရမည်။ မိဘကျန်းမာရေးအညံ့ရှိသည်။ လက်ဝယ်ငွေပြတ်မည်။ လုပ်ငန်းပောင်းရပ်မည်။ အကြံသစ် အလုပ်သစ် အောင်မြင်မည်။ အတိုက်အခံကြားမှတိုးတက်မည်။ မတော်တဆ ထိခိုက်တတ်သည်။ နာရေးကိစ္စများ လိုက်လံကူညီရမည်။ ရင်းနီးသူများနှင့် စကားများရမည်။ လူမျိုးကွဲအကျိုးပေးမည်။ အဖွဲ့အစည်းကိစ္စများ ပတ်သက်ရမည်။ လက်လွှန်ထားသောငွေများ ပြန်လည်ရရှိမည်။ ငွေမြှုပ်နှံ၍ ကောင်းသောအကျိုးဆက်ရမည်။ ချက်ချင်းဆုံးဖြတ်လက်ငင်းလုပ်ပါ။ သူတစ်ပါးအပေါ် မှီခိုအားထား၍ မရ။ ဦးခေါင်းနှင့် မျက်စိတွင် အတော်တဆ ထိခိုက်မှုဖြစ်တတ်သည်။ အလောတကြီး ဆောင်ရွက်မှုကြောင့် အမှားကြုံတတ်သည်။

<u>ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)</u>

January 1th မှ January 7th ကြား

ဖြစ်ပေါ်လာသောအကြောင်းအရာများသည် မိမိလိုလားချက်များနှင့် တိုက်ရိုက်လျော်ညီကိုက်ညီမှု မရှိလင့်ကစား အကျိုးများသော အနေအထားနှင့်ရှိသည်။ ကိုယ်ကကူညီလိုက်၍ တစ်ပါးသူတွင်အကျိုးရှိလင့်ကစာ ကိုယ်တိုင်တွင်ကား စိတ်အနှောင့်အယှက်များ ဖြစ်လာတတ်သည်။ ချက်ချင်းလုပ်၍ လက်ငင်းအကျိုးထူးနိုင်သော အကျိုးပေါ်ထွန်းနေသည်။ ဆုံးဖြတ်ချက် ချမှတ်မှန်ကန်မည်။ သူတစ်ပါးနှင့် ပူးပေါင်းလုပ်သောကိစ္စများမှလည်း ကောင်းသောအကျိုးဆက် ဖြစ်ထွန်းလာပေမည်။ လုပ်ငန်းတွင် အဆင့်တိုးတက်ခြင်းနှင့် ဘဝတိုးတက်ခြင်းများ ဖြစ်ထွန်းမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ အရပ်ဝေးမှရောက်ရှိနေသူများ၏ ကိစ္စရေးရာတို့ကို လိုက်လံကူညီဆောင်ရွက်ရမည်။

<u>နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)</u>

January 1th မှ January 7th ကြား

အပြောင်းအလဲများကိုအခြေခံ၍ ဘဝတိုးတက်မှုများဖြစ်ပေါ်မည်။ ဘဝတစ်ခုလုံးအတွက် ထူးခြားသောဖြစ်ရပ်နှင့် တိုးတက်မှုများဖြစ်ပေါ်မည်။ နှစ်ဦး၏ပထမခြေလှမ်းစတင်ရသောအချိန် ဖြစ်ပေါ်မည်။ ဦးတည်ချက်သစ်များကို စတင်ဆောင်ရွက်ရမည်။ ဝန်းကျင်သစ်နှင့်ဆက်စပ်ပြီး တိုးတက်မည်။ ခရီးနှင့် ပတ်သက်သောကံကောင်းမည်။ လူမျိုးကွဲအကျိုးပေးမည်။ ငွေလက်လွှန်တတ်သည်။ လျှို့လျှို့ဝှက်ဝှက်လူမသိအောင် လုပ်လေ လူသိရှင်ကြားဖြစ်လေကြုံမည်။ အနှောင့်အယှက် အတိုက်အခိုက်ခံရမည်။ မတွေ့မဆုံသောသူများနှင့် ရှောင်မရ။ ပက်ပင်းတွေ့တတ်သည်။ စကားအပြောအဆို ဆင်ခြင်ရမည်။ လူယုံထား၍မရ။

<u>အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)</u>

January 1th မှ January 7th ကြား

သစ်လွင်သောအကြံအစည်နှင့် ထက်မြက်သောစိတ်ကူးတို့ပေါင်းစပ်ပြီး ရည်မှန်းချက်များ ရှေ့တိုးအကောင်အထည်ဖော်နိုင်သည်။ လုပ်နေဆဲလုပ်ငန်းအချို့ကို ဆိုင်းငံ့၍ ပုံစံသစ်များဆောင်ရွက်ရမည်။ တစ်ပါးသူအပေါ်လွှမ်းမိုးဦးဆောင်နိုင်သောအနေအထားကောင်းရမည်။ ကြံရွယ်စိတ်ကူးထားသည့် ကိစ္စမှန်သမျှကို ဆောင်ရွက်ရန်အခါကောင်းကျရောက်နေသည်။ လွယ်ကူစွာပြီးမြောက်အောင်မြင်နိုင်သောကိစ္စများအား အချိန်ဆွဲပြီး ဆောင်ရွက်မှုကြောင့် ကြန့်ကြာမှုများဖြစ်ပေါ်မည်။ တွေဝေဒွိဟဖြစ်ခြင်း၊ အစရှိပြီး အဆုံးမသတ်ခြင်းကြောင့် အခွင့်အရေးတစ်ခုလက်လွတ်ဆုံးရှုံးမည်။ ကျန်းမာရေးအထူးဂရုစိုက်ရမည်။ အနေအထိုင်အစားအသောက်အထူးဂရုစိုက်ရမည်။

<u>စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)</u>

January 1th မှ January 7th ကြား

အကြံသစ်များ အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုများ ရရှိမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်နိုင်မည်။ ဆက်ဆံရသောဝန်းကျင်အတွင်း အပြောင်းအလဲရှိမည်။ လူသစ်ဝန်းကျင်သစ်များမှ အကျိုးပေးမည်။ အရေးကြီးသော စာရွက်စာတမ်းများ လက်မှတ်ထိုးရမည်။ ငွေကြေးကိစ္စ စကားပြောဆို၍ အောင်မြင်မည်။ ကာလအတန်ကြာနှောင့်နှေးနေသောကိစ္စများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ နေအိမ်နေရာ၊ အလုပ်နေရာများတွင် ပြင်ဆင်ပြုပြင်မှုနှင့် ပြောင်းလဲမှုများဖြစ်မည်။

<u>မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)</u>

January 1th မှ January 7th ကြား

အလွန်စိတ်ရှည်ရမည်။ အခက်အခဲများ အနှောင့်အယှက်များနှင့် ထပ်တိုက်တွေ့မည်။ ကတိမတည်သောသူများနှင့် တွေ့မည်။ စကားရှုပ်တတ်သည်။ အဆုံးသတ်ခါနီးမှ အစမှပြန်စရကိန်းကြုံမည်။ မတော်တဆထိခိုက်မှုဖြစ်တတ်သည်။ မူလစီစဉ်ထားသည်နှင့်လက်တွေ့ ကွာခြားမည်။ လူယုံမထားရ။ သူတစ်ပါးနှင့်တွဲပြီးလုပ်သောကိစ္စများ ပျက်စီးမည်။ မတော်တဆထိခိုက်တတ်သည်။ ကိုယ်ကအချိန်ယူပြီး စနစ်တကျ လုပ်ထားသောကိစ္စအပေါ် သူတစ်ပါးက လက်လွှဲယူပြီးလုပ်သောအခါ ပေါ့ပေါ့ဆဆလုပ်ခြင်းကြောင့် ပင်ပန်းခံရကျိုးမနပ်။

<u>ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)</u>

January 1th မှ January 7th ကြား

အတိုက်အခံများမည်။ အခက်အခဲကြားမှ ထိုးဖောက်၍ အောင်မြင်မှုရမည်။ အလွယ်တကူရသည်ဟူ၍ မရှိ။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အတိုက်အခံကြုံပြီးမှ အောင်မြင်မည်။ ကိုယ့်အပေါ် အနှောင့်အယှက်ပေးသူများနှင့် ထိပ်တိုက်တွေ့မည်။ မရိုးမသားလုပ်ထားသည့်ကိစ္စများ ကိုယ့်အပေါ်ပုံချတတ်သည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စ အပေးယူသတိရှိပါ။ ညာခြေ၊ ညာလက်တွင် ထိခိုက်မှုဖြစ်တတ်သည်။ အပျောက်အရှများမည်။ အပျက်အစီးများမည်။ တွက်ဆမှုမှား၍ စိတ်အနှောင့်အယှက်ဖြစ်မည်။ သူတစ်ပါးအတွက် အချိန်ကုန်လူပန်း စိတ်ပင်ပန်းခြင်းဖြစ်မည်။ စေတနာအပေါ် တန်ဖိုးမထားသူများနှင့်တွေ့မည်။ မေတ္တာရေးတွင် စိတ်အနှောင့်အယှက်များမည်။ မိဘအကြီးအကဲများ၏ ကျန်းမာရေးအညံ့ရှိသည်။

<u>ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)</u>

January 1th မှ January 7th ကြား

ရန်များမည်။ အတိုက်အခံနှင့်ယှဉ်၍လုပ်ရမည်။ အခက်အခဲများကို ကျော်လွှားပြီးမှသာ အလိုရှိရာပြည့်စုံမည်။ အလွယ်တကူဖြစ်ပေါ်ခြင်းမရှိ။ အထင်မှားမှုများဖြေရှင်းရမည်။ စေတနာဝေဒနာဖြစ်တတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ နာမည်သိက္ခာကျဆင်းအောင် နှောင့်ယှက်သူများနှင့် တွေ့တတ်သည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စမှတ်သမျှတွင် သတိနှင့်ယှဉ်၍ ဆောင်ရွက်ပါ။ အိမ်တွင်းရေးပဋိပက္ခများရှိမည်။ ရောင်းမှားဝယ်မှား ဖြစ်တတ်သည်။ လူမှုရေး၊ မေတ္တာရေးကိစ္စများတွင်လည်း စိတ်ရှုပ်ထွေးစရာများရှိမည်။ အနှောင့်အယှက်များနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ အရောင်းအဝယ်ကိစ္စများတွင် အလောတကြီးဆောင်ရွက်ခြင်းမပြုရ။ ငွေပေး၊ ငွေယူကိစ္စများသတိနှင့် ဆောင်ရွက်ပါ။ တစ်ဖက်နှင့်တစ်ဖက် ငွေစာရင်းကွာဟ၍ အငြင်းပွားရကိန်းရှိသည်။

ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

January 1th မှ January 7th ကြား

အကြံအစည်အောင်မြင်မည်။ ရည်ရွယ်သလောက်ထွန်းထွန်းပေါက်ပေါက်တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း စိတ်ချမ်းမြေ့ဖွယ်သတင်းကြားရမည်။ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများဆောင်ရွက်ရမည်။ တစ်ပါးသူနှင့် ပူးတွဲ၍ ရှေ့တိုးဆောင်ရွက်ခြင်းမှ ကောင်းသောအကျိုးဆက်ရမည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမ ကောင်းသောအထောက်အကူရမည်။ ကျန်းမာရေးအညံ့ရှိသည်။ ဆေးရုံ၊ ဆေးခန်းရောက်ကိန်းရှိသည်။ အနာရောဂါဖြစ်ကမပေါ့ဆအပ်။ ငွေမမြဲ။ ကိုယ်မသုံးစွဲလိုက်ရဘဲငွေကုန်ကိန်းရှိသည်။ ပညာအတတ်နှင့် ရှေ့တိုးဆောင်ရွက်ရကိန်းရှိသည်။ တစ်ပါးသူအတွက် လိုက်လံကူညီဆောင်ရွက်ပေးရင်း ရန်အန္တရာယ်အနှောင့်အယှက်များနှင့် ထိပ်တိုက်ရင်ဆိုက်ရကိန်းရှိသည်။

ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

January 1th မှ January 7th ကြား

ရည်ရွယ်ချက်အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အလုပ်စီးပွားနှင့် ဘဝအခြေအနေမြင့်မားတိုးတက်မည်။ မိမိအပါအဝင် မိသားစုအတွင်း အလုပ်မရှိသူအလုပ်ရ၍ အလုပ်ရှိသူတိုးတက်မည်။ ကာလအတန်ကြာ ခက်ခဲနေသောလမ်းကြောင်းများကို ထိုးဖောက်ဖယ်ရှား၍ တက်လမ်းများအဆင့်ဆင့်ဖြစ်ပေါ်မည်။ သူတစ်ပါးနှင့် မတူညီသော စိတ်ကူးအတွေးအခေါ်များနှင့် ဆောင်ရွက်ရာမှ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ငွေကြေး စီးပွားကံကောင်းမည်။ မေတ္တာရေးကံကောင်းမည်။ သွားလေရာ၊ ရောက်လေရာ၍ လူချစ်လူခင်ပေါ်များခြင်း၊ စန်းကောင်းခြင်းများရှိမည်။ လုပ်သမျှ လူသိရှင်ကြားဖြစ်မည်။ လျှို့ဝှက်လုပ်၍မရ။ ကိုယ့်အပေါ်ကောင်းကျိုးပြုသူများနှင့် တွေ့မည်။

# အားကစား

## မြန်မာ့ပထမ ပြိုင်ကားမောင်းပြိုင်ပွဲ ချန်ပီယံဆုအား ဆယ်ကျော်သက် ကားမောင်းသမား ကောင်းမြတ်မိုး ဆွတ်ခူး

ပထမဦးဆုံးအကြိမ်ကျင်းပသည့် Stallion Championship ပြိုင်ကားမောင်းပြိုင်ပွဲကို ဒီဇင်ဘာ၂၇ ရက်နေ့က သုဝဏ္ဏရှိ Galaxy Racing Kart ၌ ပြုလုပ်ခဲ့သည်။ Pro-Kart Racing Stallion Championship ပြိုင်ပွဲသို့ မြန်မာကားမောင်း ဝါသနာရှင် ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါ ပြိုင်ပွဲဝင်များတွင် အမျိုးသမီးတစ်ဦး ပါဝင်ယှဉ်ပြိုင် မောင်းနှင်ခဲ့သည်။ Stallion Championship ကားမောင်းပြိုင်ပွဲ ချန်ပီယံဆုကို အသက် ၁၈ နှစ်အရွယ်ရှိ ကောင်းမြတ်မိုးက ရရှိသွားပြီးချန်ပီယံဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသွားကြောင်းသိရသည်။ "ဒီဆုရလို့ဝမ်းသာပါတယ်။ ပြိုင်ပွဲမလုပ်ခင်ကတည်းက ချန်ပီယံဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။ အားလုံးကလည်း ချန်ပီယံဖြစ်နိုင်တယ်ဆိုပြီး ပြောကြပါတယ်။ အဓိကကတော့နိုင်ငံတကာပြိုင်ပွဲတွေ ဝင်ပြိုင်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဝင်ပြိုင်တာပါ။ သွားပြိုင်ဖို့လည်း အစီအစဉ်ရှိပါတယ်" ဟုချန်ပီယံဆုရှင်ကပြောသည်။ ချန်ပီယံဆုရရှိသူ ကောင်းမြတ်မိုးသည် ယခုပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သူ ၁၇ ဦးအနက် ပြိုင်ကားကွင်းတစ်ပတ်ကို စံချိန်တင် ၅၈ စက္ကန့်ဖြင့် မောင်းနှင်နိုင်သူ ဖြစ်ကြောင်း သိရသည်။ ကားမောင်းပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၇ ဦးဖြင့် အုပ်စု ၅ စုခွဲ ယှဉ်ပြိုင်ခဲ့ပြီး တစ်အုပ်စုလျှင် အကောင်းဆုံးစံချိန်ရှင် နှစ်ဦးစီထပ်မံရွေးချယ်ကာ ၅ ဦးနှစ်အုပ်စု ပြန်လည် ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။အဆိုပါအုပ်စုနှစ်စုမှ ၃ဦးစီပြန်လည်ရွေးချယ်ကာချန်ပီယံဆုအတွက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယဆုကိုအေးမင်းဝင်းက ရရှိပြီးဆုငွေကျပ် ၅ သိန်း၊ တတိယဆုကို အောင်နိုင်ဦးကရရှိပြီးဆုငွေကျပ် ၃ သိန်းနှင့် နှစ်သိမ့်ဆုငွေကျပ် ၁ သိန်းစီကိုတစ်ဦးတည်းသောအမျိုးသမီးပြိုင်ပွဲဝင်မအိအိချောနှင့်ကိုသီရိမောင်တို့အားချီးမြှင့်ခဲ့ကြောင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ထုတ် Popular News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရန်ကုန်တိုင်း တင်းနစ် လူရွေးချယ် ပြိုင်ပွဲ ကျင်းပမည်

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ရန်ကုန်တိုင်းတင်းနစ် (အမျိုးသား/အမျိုးသမီး)လူရွေးချယ်ပြိုင်ပွဲကိုရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်းတွင် ၂၀၁၀ခုနှစ်ဇန်နဝါရီ ၅ရက်မှ ၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း လက်ရည်အဆင့်ရှိသူ မည်သည့်အားကစားသမားများမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ပါဝင်ယှဉ်ပြိုင်လိုသူများသည်ဇန်နဝါရီ၄ရက်ညနေ ၃နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်း တင်းနစ်ဆပ်ကော်မတီ ဖုန်း- ၀၉-၅၁-၄၅၂၅၅၊ ၀၉-၈၅-၃၄၄၃၇၊ ၀၉-၉၉-၂၂၂၈၅ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။ ရွေးချယ်ခံရသူများသည် ပထမဆုငွေ ကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ် တစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသောင်း ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသား အားကစားသမား ငါးဦး၊ အမျိုးသမီးအားကစားသမားငါးဦးရွေးချယ်မည်ဖြစ်ကြောင်း ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

## ဆီးဂိမ်းစ်နောက်ဆုံးနေ့ပွဲစဉ်တွင်မြန်မာ ပိုက်ကျော်ခြင်းအဖွဲ့ ဆီးဂိမ်းနောက်ဆုံးနေ့ ပွဲစဉ်တွင် မြန်မာပိုက်ကျော်ခြင်း အဖွဲ့ ရွှေနှစ်ခုရရှိခဲ့

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ နောက်ဆုံးနေ့ဖြစ်သောဒီဇင်ဘာလ ၁၈ရက်နေ့တွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ်နှစ်ခုထပ်မံရရှိခဲ့ကြောင်းသိရှိရသည်။အဆိုပါ ရွှေတံဆိပ်နှစ်ခုကို ယခုနှစ်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အတွက် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သော ပိုက်ကျော်ခြင်းအဖွဲ့မှ ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ကျင်းပသော အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ(Double Regue)ပြိုင်ပွဲများတွင် မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်းက ဗီယက်နမ် အသင်းကို (၂၁-၁၃)၊ (၂၁-၁၃)ဖြင့်နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာ အမျိုးသမီး ပိုက်ကျော်ခြင်း အသင်းသည် ထိုင်းအသင်းကို(၂၁-၁၈)၊ (၁၁-၂၁)၊(၁၇-၁၅)ဖြင့်အနိုင်ရရှိကာဗိုလ်စွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာအားကစားအဖွဲ့သည် ယခုနှစ်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ခု၊ငွေတံဆိပ် ၂၂ခု၊ကြေးတံဆိပ် ၃၇ ရရှိခဲ့ကာနိုင်ငံအလိုက်တွင်အဆင့်(၈)နေရာရရှိခဲ့ကြောင်း ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့ထုတ်Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အနုပညာ

ခန့်စည်သူရဲ့အကယ်ဒမီရင်ခုန်သံစည်းချက်

မကြာခင်ကမှ အနုပညာမောင်နှမတွေနဲ့အတူ စင်ကာပူက ပြန်ရောက်လာတဲ့ ခန့်စည်သူကို "လူပျိုကြီးတော့မဖြစ်ချင်ဘူး" ရိုက်ကွင်းမှာ တွေ့ဆုံလို့သူ့ရဲ့ အနုပညာများနဲ့ ပတ်သက်ပြီးတော့ အခုလိုမေးမြန်းခဲ့ပါတယ်။

မေး- အခုကိုခန့် အကယ်ဒမီရမယ်လို့ တော်တော်များများပြောနေကြတယ်။ ကိုခန့်ကရော အဲဒီအပေါ်ဘယ်လိုပြောချင်လဲ။

ဖြေ- အဲဒီအပေါ်ကျွန်တော်ကတော့ စိတ်ထဲမှာ အရမ်းကြီးထည့်မထားဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီဆိုတာက အနုပညာသမားတွေလိုချင်တဲ့ မှတ်တိုင်တစ်ခုပဲလေ၊ ဘယ်သူမဆိုလိုချင်ကြတာပဲ။ မရလို့အရမ်းခံစားရမယ့်အထဲမှာလည်းမပါပါဘူး။ ရရင်တော့ပျော်တာပေါ့နော်။

မေး- အခုခေတ်က စားဝတ်နေရေးကိစ္စကို ဦးစားပေးနေရတော့ စာမဖတ်ဖြစ်ကြဘူးလေ။ အဲဒီအပေါ်အစ်ကို့ရဲ့အမြင်လေးကို ပြောပါဦး။

ဖြေ- အရေးကြီးတာကတော့ စာများများဖတ်နိုင်ဖို့ အရေးကြီးတယ်။ စာဖတ်ရင်အသိတွေ သိလာမယ်။ ထားသင့်တဲ့စိတ်တွေ၊ မထားသင့်တဲ့စိတ်တွေသိလာမယ်။ ကျွန်တော်ဆိုရင် သဃ်္ချန်းကျွန်းမှာ စာကြည့်တိုက်လေးတစ်ခုလုပ်ထားတယ်။ တချို့ဆိုရင် တော်တော်ဆင်းရဲတဲ့အပိုင်းတွေပါတယ်။ ကလေးတွေကလည်း ချို့တဲ့တာပေါ့နော်။ ဒါပေမဲ့စာကြည့်တိုက်ထဲဝင်ပြီး စာအုပ်ဖတ်ရမှန်းမသိဘူး။ စာကြည့်တိုက်မှာ တီဗီတပ်ထားတဲ့အတွက် အကုန်ဝင်လာတယ်။ ဒါပေမဲ့ ဘာလုပ်လဲ သိလား၊ ဘောလုံးပွဲကြည့်ကြတာ။ အဲလိုမျိုးဖြစ်သွားတယ်။ အမှန်က ဒီစာကြည့်တိုက်တွေထဲမှာ စာအုပ်တွေဖတ်ရမှာ၊ စာမဖတ်တဲ့အတွက် အရမ်းနောက်ကျကျန်ခဲ့ မှာ။ တဖြည်းဖြည်းနဲ့ ပညာပေးတာတွေမကြိုက်ဘူး။ ဝင်တယ်၊ ကြည့်လိုက်တယ်ဝေါခနဲ ရယ်ရတယ်၊ ဒါနဲ့ပဲပြီးသွားတယ်။ ပညာပေးတာလည်း မလိုချင်ဘူး။ Message ပေးတာလည်းမလိုချင်ဘူး၊ လက်ခံရကောင်းမှန်းလည်းမသိဘူး။ တော်တော်များများကစာဖတ်အားနည်းသွားတယ်။

မေး- စာဖတ်တဲ့သရုပ်ဆောင်နဲ့ စာမဖတ်တဲ့သရုပ်ဆောင် ရေရှည်မှာဘယ်လိုကွာသွားနိုင်မလဲ။

ဖြေ- စာဖတ်တဲ့သရုပ်ဆောင်နဲ့စာမဖတ်တဲ့သရုပ်ဆောင်ရေရှည်မှာ အရမ်းကွာသွားပြီ သိသာပါတယ်။ စာဖတ်တဲ့အခါကျတော့ စကားလုံးတွေ ကြွယ်သွားမယ်။ စကားလုံးရဲ့အဓိပ္ပါယ်တွေသိလာမယ်။ စာဖတ်တဲ့လူကျတော့ စကားတွေကိုအကိုးအကားတွေနဲ့ လူတစ်ဖက်သားနားလည်အောင် ဝေါဟာရအလင်္ကာတွေနဲ့ သေချာပြောတတ်ဆိုတတ်ရှိတာပေါ့နော်။ အစ်ကိုဆိုရင် ပုံမှန်စာဖတ်ဖြစ်တယ်၊ အခွေကြည့်တယ်။

(၂၀၀၉ခုနှစ်ဒီဇင်ဘာလ ၂၉ရက်နေ့ထုတ်ပေါ်ပြူလာ)

## အနုပညာမျိုးရိုးဗီဇနဲ့ ဝေဖန်မှုကိုလက်ခံတဲ့ နဝရတ်

ပြည်ပshopping ကသွားချင်တာတွေများနေတယ်။ တစ်ကမ္ဘာလုံးကိုသွားချင်တာလို့ ပြောတဲ့နဝရတ်ကို သူမရဲ့ပရိသတ်ကြားက ပြောဆိုဝေဖန်မှုတွေနဲ့ ပတ်သက်ပြီးမေးဖြစ်ခဲ့တာတွေက...........

မေး- နဝရတ်"အရှုံးမ"ကားရိုက်တုန်းက ပရိသတ်တချို့က ဒီကောင်မလေးလုပ်တာပီပြင်တယ်၊ တော်လိုက်တာလို့ချီးကျူးကြတာရှိသလို၊ ဟယ်ဘယ်လိုပုံစံကြီးလဲ လုပ်ရဲလိုက်တာဆိုပြီး ဝေဖန်ကြတာလည်းရှိတော့ အဲဒီဝေဖန်မှုနှစ်ခုနဲ့ ပတ်သက်ပြီး နဝရတ်ဘယ်လိုပြောချင်လဲ။

ဖြေ- အင်း... ဝေဖန်တာပဲလေ။ အစ်မတို့သရုပ်ဆောင်တာချောမှ လုပ်ရမယ်၊ ဘာမှလုပ်ရမယ်ဆိုပြီး ရွေးပိုင်ခွင့်မှမရှိတာ။ သူချတဲ့ဇာတ်ရုပ်အပေါ်မှာ ပီပီပြင်ပြင် ရှုးရင်ရှုး၊ ယောကျ်ားလျာဆိုယောကျ်ားလျာ၊ သူ့ရဲ့ကာရိုက်တာ အလျောက်သာ သရုပ်ဆောင်ခွင့်ရှိတယ်။ ဝေဖန်မှုနှစ်ခုမှာ ဘယ်ဟာကို ဘယ်လိုဆိုတာမရှိပါဘူး။ အစ်မကရတယ်။ ဘာဝေဖန်၊ ဝေဖန်ရတယ်။ အကုန်လုံးလက်ခံတယ်။ သရုပ်ဆောင်အပေါ်ရှူးသွပ်တာကိုး။ အစ်မတို့ မိဘမျိုးရိုးအကုန်လုံးက မင်းသားမင်းသမီးတွေ ချည်းပဲ။ အစ်မဦးလေးက ဦးကျော်ဆွေ၊ အဘွားက ဒေါ်မေသစ်၊ အစ်မအမေက အေးမြစိမ်းဆိုတော့ အနုပညာဗီဇပါလာတယ်လို့ထင်တာပဲ။

မေး- နဝရတ်အသံကို အခုနောက်ပိုင်းယောကျ်ားလေးတော်တော်များက ကြိုက်ကြတယ်ဆိုတော့ ကိုယ့်အသံကိုကော ဘယ်လိုထင်လဲ။

ဖြေ- အခုမှကြိုက်လာတာ။ အစတုန်းကဆို ဦးကျော်ဟိန်းက နဝရတ်ဆိုတဲ့ဘဝမှာ အဆိုးဆုံးက အသံပဲတဲ့။ နင့်အသံကို ငါအရမ်းအမြင်ကတ်တယ်တဲ့။ အဲဒီအတိုင်း ကိုယ့်ဆရာက အားပေးခဲ့တာ။ နင့်အသံက မကောင်းဆုံးဘဲ။ ကျန်တာတွေက မဆိုးပါဘူးတဲ့။ အဲဒီလိုမျိုးပြောခဲ့တဲ့ ဘဝကအခု အသံကြိုက်လာပြီဦးကျော်ရေ..... လို့ပြောရမလိုဖြစ်နေပြီ(ရယ်လျက်)။ ကိုယ့်ကိုယ်ကိုယ်ထင်တာတော့အသံကထွက်ကိုမထွက်ဘူး။ အော်ရမယ့်အခန်းဆိုအသားကုန်အော်ရတာ။ မောပြီးတော့ စကားပြောရင် သူများတွေမကြားဘူး။ ကိုယ်ပြောရင် တိုးမပေါက်ဘူး။ ငယ်ငယ်ကတည်းက ဒီလိုအသံပဲ၊ အားမရှိဘူး။ ညောင်နာနာနဲ့။

(၂၀၀၉ခုနှစ်ဒီဇင်ဘာလ ၂၉ရက်နေ့ထုတ်ပေါ်ပြူလာ)